# ကြီးမြတ်သောတောက်ပသည့်အလင်း (ကြီးစွာသောအလင်း)

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၅၇ - ၁၂၂၂။

1 ၁။ ဓမ္မသစ်ကျမ်းတွင် ဤမနက် ကျွန်တော်အတွက်ကျမ်းချက်များ မသဲ ပထမ .... ဒုတိယအခန်းကြီး၊ အငယ်တစ်မှစ၍ဖတ်ပါမည်။ တဖန်အခန်းကြီး(၄)အငယ် ၁၄ နှင့် ၁၅ ကိုလည်းဖတ်လိုပါသည်။ ကျွန်တော် နှုတ်ကပတ်တော်ဖတ်လိုပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်သောကြောင့်ဖြစ်ပါသည်။

'ဤအကြောင်းအရာကား ပရောဖက်ဟေရှာယ၏ နှုတ်ထွက် ပြည့်စုံမည့်အကြောင်းတည်း။ နှုတ်ထွက်အချက်ဟူမူကား၊ ဇာဗုလုန်ခရိုင်နှင့် နဿလိခရိုင်တည်းဟူသော အိုင်နားလျှောက်သောလမ်း ယောဒန်မြစ်တစ်ဖက်လျှောက်သောလမ်း၊ တစ်ပါး အမျိုးသားနေရာ ဂါလိလဲပြည်၊-'

2 ၂။ ကျွန်တော်ကျမ်းစာမှ ကောက်နှုတ်တင်ပြလိုပါသည်။ကြီးမြတ်သော တောက်ပသည့် အလင်းဖြစ်ပါသည်။ ဤကျမ်း ချက်မှာ တမူထူးခြားပါသည်။

ဤအချိန်မှာ လူများစွာတို့က ဤအကြောင်းကိုများစွာဟောပြောပါသည်။ တည်းခိုခန်းမှာနေရာမရှိပါ။ထို Yule ရာသီမှာ ဖြစ်၍ ယောသပ်၊ မာရိနှင့်သခင်ယေရှုဖွားမြင်သောအချိန်မှာဖြစ်နေပါသည်။ မနေ့က ကျွန်တော်စဉ်းစားမိပါသည်။ ကျွန်တော်က တခြားနည်းလမ်းဖြင့် ချဉ်းကပ်ရန်ကြိုးစားပါမည်။ မြောက်များစွာသော သင်တို့ကရေဒီယိုနှင့်တယ်လီဗီးရှင်းမှာကြားကြရပါသည်။

ထိုသို့စဉ်းစားနေစဉ် ကျွန်တော်စိတ်ထဲသို့ ဤအရာရောက်လာပါသည်။ ပညာရှိကြီးများနှင့်ကြယ်ကြီးအကြောင်းဖြစ်ပါသည်။ ထိုအရာက ကျွန်တော်အား ထိခိုက်စေပါသည်။ ပညာရှိကြီးများကခရစ်တော်နှင့် ဘာလုပ်ရပါမည်နည်း ? မနေ့ညက ရှေး ကျမ်းတတ်ပုဂ္ဂိုလ်များကဖတ်ကြည့်ခြင်းဖြင့် နောက်ကျပြီး စားပွဲပေါ်မှာ ကျွန်တော် အိပ်ပျော်သွားပါသည်။ ယနေ့အတွက်ဘာသာရပ်အပေါ်မှာ အနည်းငယ်အလင်းရရန်အတွက် တစုံတရာကိုရှာဖွေရန် ကြိုးစားကြပါသည်။

ဤအရာများအကြောင်းပြောရန်မှာ ပြောလေ့ရှိသောအရာမဟုတ်ပါ။ ဘုရားသခင်မှာ တမူထူးခြားပါသည်။တမူထူးခြားစွာ ဖြင့်ဘုရားကအလုပ်လုပ်ပါသည်။ တခါတရံမှာ မထင်မှတ်သော အချိန်မှာဖြစ်ပါသည်။အကြောင်းမှာ ကိုယ်တော်က တမူထူး ခြားသောကြောင့်ဖြစ်ပါသည်။ ကိုယ်တော်ကို အစေခံသူများမှာတမူထူးခြားသူများဖြစ်ပါသည်။ သူတို့သည် အထွဋ်အထိပ် ရောက်သောသူများဖြစ်ပါသည်။

3 ၃။ ကျွန်တော်တို့မှာ ...ဤအချိန်ဤရာသီဥတုမှာ ခရစ်စမတ်အကြောင်း ကျွန်တော်တို့ဦးတည်၍ စဉ်းစားနေချိန်မှာစန် တာကလော့အကြောင်း ဒဏ္ဍာရီပုံပြင်ရရှိသည်မှာ ဆိုးဝါးလှပါသည်။ တကယ်စစ်မှန်သော ခရစ်စမတ်အစားထိုအရာများကို ရရှိကြပါသည်။ ယနေ့ ကလေးများက ခရစ်စမတ်အကြောင်း ဘာမှမသိကြတော့ဘဲ။ အထုတ်များဖြင့်ပြည့်နေသောလှည်းထူးခြားသောသမင်များ အိမ်ပေါ်ခုန်တက်လာကြောင်း ဤဒဏ္ဍာရီအကြောင်းသာ နားလည်ကြပါသည်။ သူတို့ယုံကြည်ခြင်း ကိုပင်ထိခိုက်ပါသည်။ စစ်မှန်သော ခရစ်စမတ်ပုံပြင်နှင့်ပတ်သတ်လာသောအခါ သမင်များနှင့်ဘာမှမဆိုင်ပါ။ဆေးတံ သောက်သောသူနှင့်လည်းမဆိုင်ပါ။ ကုတ်အင်္ကျီမှာ သားမွေးလည်ပတ်နှင့်ဆေးတံသောက်သူဖြစ်ပါသည်။

သခင်ယေရှု၏ကောင်းချီးတော်မွေးနေ့ အချိန်အခါဘဲဖြစ်ပါသည်။ ဘုရားက ဤနည်းလမ်းဖြင့်အလုပ်လုပ်သောကြောင့်သိ ရသောအခါ တမူထူးခြားပါသည်။ ကမ႓ာသမိုင်းမှာ ဤသို့ဖြစ်ခဲ့သော အချိန်မရှိသောကြောင့်ဖြစ်ပါသည်။ ဤအချိန်မှာအတိ အကျဖြစ်ရပါမည်။ ယခု ခေတ္တအနည်းငယ်အတွင်းမှာ ရာသီဥတုကိုကြည့်ကြပါစို့။

4 ၄။ ဟေရုဒ်မင်းကြီးက လူသတ်သမားဖြစ်၍ ဘုရင်ဖြစ်နေချိန်ဖြစ်ပါသည်။ဖြစ်ရပါမည် ... ဤနှလုံးသားကင်းမဲ့သူက ဤအချိန်မှာဘုရင်ဖြစ်နေပါသည်။ ကျမ်းစာမှာ ကျွန်တော်တို့ရင်းနှီးနေကျအတိုင်း နှစ်နှစ်အောက်ကလေးများကိုသူသတ် ခဲ့ကြောင်းသိရပါသည်။ ခရစ်တော်ကို ရှာဖွေရန်ကြိုးစားပါသည်။ ထိုအချိန်ကာလကပင်ဖြစ်သည်။ယခု ကျွန်တော်တို့ရာသီ ဥတုကိုကြည့်ကြပါစို့။

ထိုအချိန်က အခွန်အခတိုးကောက်သောအချိန်ဖြစ်ပြီး မာရိနှင့်ယောသပ်မှာ သူတို့၏ဇာတိမြို့ဖြစ်သောဗက်လင်မြို့သို့ပြန် သွားပြီး မှတ်ပုံတင်ရပါသည်။ သူတို့မွေးနေ့များကို ရုံးများတွင်မှတ်တမ်းတင်၍ ဗိမာန်တော်မှာအခွန်ဆောင်ရပါသည်။ ခရစ် တော်မှာ ဗက်လင်မြို့တွင်မွေး၍ သူတို့မှာမိုင်ပေါင်းများစွာဝေးကွာပါသည်။ ထိုအဖြစ်အပျက်ဖြစ်နေချိန်ကဖြစ်ပါသည်။

5 ၅။ သူတို့ဖြတ်သန်းသွားရသော ဘေးအန္တရာယ်များကိုကျွန်တော်တို့ သတိပြုမိပါသည်။ သူတို့မှာ ကြီးမားကောင်းမွန သော လူနာတင်ယာဉ်ကြီးမရှိပါ။မာရိကို သယ်ဆောင်မသွားနိုင်ပါ။ ယနေ့ခေတ်ကာလကဲ့သို့မဟုတ်ပါ။ အကြောင်းပြချက် ခွင့်ပြုချက်များဘာမှမရှိပါ။ ဘုရင်၏အမိန့်ဘဲဖြစ်ပါသည်။ ဘာခွင့်ပြုချက်မှမလုပ်နိုင်ပါ။ ပြည့်စုံရမည်ဖြစ်ပါသည်။ 'ဘုရင်က မိန့်တော်မူပါသည်' သူမဘယ်လိုအခြေအနေမျိုးဖြစ်ပါစေ သူတို့ဇာတိမြို့ကိုပြန်ရပါမည်။မွေးဖွားလုဆဲဆဲခရီးမသွားနိုင်ပါ။ ခြေလျှင်သွားရပါသည်။ (သို့)မြည်းကလေးကျောပေါ်မှာ စီးသွားရပါသည်။

ယောသပ်က မာရိကိုခေါ်သွားပါသည်။ အချိန်မရွေးမွေးဖွားလုဆဲဆဲ မိခင်ကောင်းကိုမြည်းကလေး၏ကျောပေါ်တင်သွားပါသည်။ မြည်းစီးဘူးသူတိုင်းသိကြပါသည်။ မည်မျှကြမ်းတမ်းသော ခရီးကြမ်းဖြစ်ပါသနည်း ?တောင်ပိုပတ်၍ ဖေါက်ထားသော

လမ်းကျဉ်းကလေးထဲမှာ ဘက်လင်မြို့ကိုလာခဲ့ပါသည်။ယုဒပြည်အနိမ့်ပိုင်းမှဖြစ်၍ အလွန်ကြမ်းတမ်းချိုင့်ဝှမ်းများသောလမ်း ဖြစ်ပါသည်။ ဤမြည်းကလေးမှာခြေမမြဲဘဲ လဲကျသွားပါက မိခင်လောင်းကလေးမှာ ဘာဖြစ်ပါမည်နည်း။

6 ၆။ သို့မဟုတ် သူတို့ဇာတိမြို့များကိုခရီးသွားများစွာရောက်လာချိန်က တနိုင်လုံးမှာ အလုပ်လုပ်လျှက်ရှိပါသည်။ ဘုရားဖူးများခရီးသည်များနှင့် အသက်ဝင်လျက်ရှိသည်။ ဓါတ်မြို့မှာ အလွန်ပင် လူဦးရေမြများအတွက် ထိုအချိန်ကအခြေချရန် နေရာဖြစ်နေပါသည်။ နွားလှည်း၊ မြင်းလှည်းများစီးလာသူများကိုတွေ့ရသောအခါ ...သူဦးရေမြများကလည်း စီးနင်းလိုက်ပါ လာပြီး သူတို့ကိုသတ်ဖြတ်၍ သူတို့ပစ္စည်းများယူပြီး ထွက်သွားနိုင်ပါသည်။ ဤလူငယ်စုံတွဲရင်ဆိုင်ရမည့်အရာမှာဘယ်ကို ဖြစ်ပါမည်နည်း?

သူတို့ဖြတ်ကျော်လာရတာ သဲကန္တာရမှာလည်း တောရိုင်းတိရစ္ဆာန်များ၊ ခြသေ့်များ ဟိန်းသံကြားရပြီးကြောက်မက်ဖွယ်ဖြစ်ပါသည်။ တောရဲတိရစ္ဆာန်များက သူတို့အုပ်စုကလေးထဲ ဝင်ထွက်တိုက်ခိုက်ပါက ယောသပ်မှာ လက်ထဲမှာတောင်ဝှေးကလေးတချောင်းနှင့်ဇနီးသည်မှာလည်း မလှုပ်ရှားနိုင်ဘဲမည်သို့ရှိပါမည်နည်း?သူတို့ရင်ဆိုင်ကြရမည်သာဖြစ်သည်။

7 ၇။ ထိုအကြောင်းကိုသိရသောအခါ ကျွန်တော်တို့ကိုနှစ်သိမ်းစေပါသည်။ ကျွန်တော်တို့၏အခြေအနေမှန်ကို ကျွန်တော် တို့မဖန်တီးနိုင်ပါ။ ဘုရားကသာဖန်တီးနိုင်ပါသည်။ကိုယ်တော်က ဘိသိက်ပေးထားပြီး ဘုရား၏အစီအစဉ်ကို ဘာကမှ မနှောင့်ယှက်နိုင်ပါ။ ကျွန်တော်တို့ရောက်ရမည့်အချိန်မှာရောက်ကိုရောက်ရပါမည်။

8 ၈။ ဘာမှကြောက်စရာမလိုပါ။ မာရိနှင့်ယောသပ်မှာလည်းသာမန်လူများသာဖြစ်၍ ပညာမတတ်ကြပါ။ ထိုအချိန်က ဖြစ်ပျက်နေသောအရာများကိုလည်း သူတို့သိရှိနိုင်ရန်နည်းလမ်းလဲမရှိကြပါ။ ကျမ်းစာပြည့်စုံစေရန်ဖြစ်ပျက်နေသည့် အကြောင်းများသာဖြစ်ပါသည်။ယနေ့လည်း ထိုနည်းတူပင်ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့အသက်ရှင်သောနေ့ရက်ကာလမှာလည်းအဖြစ်အပျက်များရှိပါသည်။ကျွန်တော်တို့အတော်များများက ဤအကြောင်းဘာမှမသိကြပါ။ ဘုရားမည်သို့လှုပ်ရှားနေကြောင်းမသိကြပါ။

ဒီအခန်းထဲမှာ မှတ်တမ်းတင်သောအမျိုးသမီးကြီးတဦးက ကျွန်တော်ကိုမေးခွန်းထုတ်ပါသည်။ကျွန်တော်က လက်ရေးနှင့် လေထုထဲမှ အာကာသယာဉ်အကြောင်းပြောဆိုမည်ဖြစ်ပါသည် ‘နောက်အပတ်တနင်္ဂနွေနေ့မှာလား?’ စုမေးပါသည်။

‘မသိသေးပါဘူး’ ဟု ကျွန်တော်ကဖြေသည်။

သို့သော် ထိုမှောင်မိုက်သောအချိန်စာအိတ်ထဲမှာ ဘုရား၏ကြီးမားသော လက်တော်ကမှန်မှန်ပင်ရွေ့လျားနေပါသည်။ ဘာတခုမှမတားဆီးနိုင်ပါ။

9 ၉။ ကျွန်တော်တို့တွေ့ရပါသည်။ ယနေ့လည်းမြည်းကလေးစီး၍ခရီးသည်နှစ်ဦး ညဖက်ရောက်လာပါသည်။ အလွန်ပူ ပြင်းသော သဲကန္တာရကိုဖြတ်ကျော်ခဲ့ကြရသည်။အလွန်ပူပြင်းသော သဲကန္တာရကိုဖြတ်ကျော်ခဲ့ကြရသည်။ ဘက်လင်မြို့ အရှေ့ဖက်တောင်ကုန်းလေးပေါ်မှာထိုင်နေကြပါသည်။မြို့ထဲသို့ ဆင်းသွားကြသည်။ လမ်းဒေါင့်အကွေ့မှာ တောင်ကုန်းပေါ်အတက်ကျောက်တုံးကြီးများပုံထားသည်ကိုတွေ့ရပါသည်။ သမိုင်းပြုစုသူများက မာရိနှင့်ယောသပ်သည် ထိုညက မြို့ထဲဆင်းမသွားမီထိုကျောက်တုံးကြီးနားမှာခေတ္တရပ်နားကြသည်ဟု စဉ်းစားမိကြပါသည်။

10 ၁၀။ ယောသပ်ကိုကြည့်ကြပါစို့။ သူ၏နူးညံ့စွာကိုင်တွယ်ခြင်းဖြင့် သူ၏ဇနီးကလေးကိုမြည်းပေါ်မှ မြေကြီးပေါ်ချသည်။ သူမကို တွဲ၍ ကျောက်ပုံကြီးပေါ်မှာထိုင်စေပြီးပြောသည်။ ‘အချစ်ရယ် ငါတို့အောက်မှာမြို့ကလေးတမြို့ရှိတယ်၊ အဲဒီမှာ ငါတို့ကလေးလေးမွေးရမှာဖြစ်မယ်’ သူတို့ရှေ့မှာရှိသော ဘက်လင်မြို့ကို အပေါ်စီးမှထိုင်၍ကြည့်ပြီးနေစဉ်မှာ ကြယ်ကလေးများတလက်လက်တောက်ပနေသည်ကိုကျွန်တော်တွေးမိပါသည်။ သူတို့ထိုနေရာမှာ ထိုင်နေစဉ်ကြယ်များကိုကြည့်ပြီး စဉ်းစားနေပါသည်။ အရှေ့ဖက်မိုင်ပေါင်းရာချီသောနေရာမှာ အခြားမြင်ကွင်းတခုပေါ်ထွက်လာပါသည်။

ဘုရားသခင်က သူ၏စကြ်ာဝဠာကြီးထဲမှာ အလုပ်လုပ်ပါသည်။ နိုင်ငံတနိုင်ငံမှာ သူကအရာများကိုဖြစ်ပေါ်စေပါသည်။နောက်ထပ်တနိုင်ငံမှာပုံဖော်လာပါမည်။ အရှေ့ဖက်မှာ ကျွန်တော်တို့တွေ့ရပါသည်။ သမိုင်းပညာရှင်များပြောသကဲ့သို့ဤပုဂ္ဂိုလ် များ (သူတို့ကပညာရှိများအဖြစ် ကျွန်တော်တို့သိကြသည်)... ယနေ့သူတို့ကို ‘နက္ခဗေဒပညာရှင်များ’ ဟုခေါ်ကြပေမည်။ဗေဒင်ဆရာများတော့မဟုတ်ကြပါ။ သို့သော် ‘ဗေဒင်ဆရာများ’ ဟုခေါ်သော နက္ခပညာကိုလေ့လာကြသည်။လူတွေက ထိုအရာများကိုလိုက်စားကြသည်။ တကယ်တော့ တကယ်နက္ခပညာရှင်များကို အတုအယောင်ပြုလုပ်မှုများနောက်ကိုလိုက်ကြခြင်းဖြစ်ပါသည်။

11 ၁၁။ (သမိုင်းပညာရှင်ကြီး) ဟမ်တင်ကပြောပါသည်။ငင်းမှာ ... သူတို့သည် ဇီဒိုပါရှားများဖြစ်ကြသည်။နက္ခပညာရှင်များ ဖြစ်ကြသည်။ သူတို့အကြောင်းကိုလေ့လာကြည့်ကြပါစို့။ ဇီဒိုပါရှားတို့မှာဘာဘုရလုံမှာ ကိုယ်တော်ရှင်၏သတင်းစကားကို ကြားခဲ့ဘူးသူများဖြစ်သည်။ နေဗုခတ္တနေဇါမင်းကြီးလက်ထက်ကထိုကဲ့သို့သော နက္ခပညာရှင်များရှိခဲ့ကြပါသည်။ ကြယ်များ ကောင်းကင်နက္ခများကိုလေ့လာကြသူများဖြစ်ပါသည်။နိမိတ်လက္ခဏာများနှင့် ကြယ်များလှုပ်ရှားမှုဖြင့် သူတို့က တခုခု ဖြစ်လာတော့မည်ကို ပြောပြနိုင်ကြပါသည်။

ရှေးကာလက ဘုရင်များကထိုသို့သောသူများကို ဆွေးနွေး၍သာအဖြစ်အပျက်များဖြစ်မှတ်မည်ကိုသိလိုကြပါသည်။ ကမ႔ာ မြေကြီးကို အသိမပေးမီ ဘုရားသခင်ကသူ၏ကောင်းကင်နက္ခများအားဖြင့် အမြဲတမ်းကြေငြာခဲ့ပါသည်။ ဘုရားသခင်က ကောင်းကင်မှာရေးပြထားပါသည်။

ကြယ်များကို ကျွန်တော်တို့ကြည့်၍ ကောင်းကင်မှာဒေါင့်ငါးဒေါင့်ရှိသော အဖွဲ့ကလေးအဖြစ်တွေ့ရသည်။သို့သော် ၎င်းတို့သည်ထိုထက်မကကြီးမားသော ကမ႓ာများဖြစ်ကြသည်။ နေအလင်းရောင်ကို ရောင်ပြန်ဟပ်နေကြခြင်းဖြစ်သည်။

12 ၁၂။ ဤသူများမှာ ကာလဒေလများ တပါးအမျိုးသားနိုင်ငံမှာရောက်နေစဉ် ခါလဒဲပြည်မှာ နှစ်ပေါင်းခုနှစ်ဆယ် ရှိစဉ်ကတည်းက ဇဝံဂေလိတရားနှင့်ရင်းနှီးပြီးသားဖြစ်ပါသည်။ဒံယေလမှာ ပညာရှိများ၏ခေါင်းဆောင်ဖြစ်သည်။ ပရောဖက် က သူ၏ကြီးမားသောဉ ာဏ်ပညာအားဖြင့်နောက်ဆုံးသောအရာများအကြောင်းသိမြင်ကြရပါသည်။ ဘုရားဘာလုပ်မည် ကိုသိပါသည်။ သူ့အားပညာရှိတို့၏ခေါင်းဆောင်ဟုခေါ်ပါမည်။ပညာရှိများမှာ ရှေးဟောင်းကျမ်းများရှိပြီး သူတို့၏ရှေး ဘိုးဘေးများ၏ကျမ်းများကို ရည်ညွှန်းကိုးကားကြသည်။ဒံယေလက ကိုယ်တော်ရှင်၏အရေးအသားများထဲမှာ ထည့်သွင်း ထားပါသည်။

ကျွန်တော်တို့ နားလည်သည်မှာ ထိုအချိန်က သူတို့အတူတကွတိုင်ပင်ဆွေးနွေးကြပြီး စစ်မှန်သောတပါးတည်းသောဘုရားကထုတ်လုပ်သော ပညာနှင့်တန်ခိုးကိုတွေ့မြင်ကြရသည်။ နက္ခပညာရှင်(သို့)ပညာရှိထက်ပင်သာသောဉ ာဏ်ပညာနှင့်တန် ခိုးဖြစ်သည်။ နေဗုခနေဇါ၏ ညတညမှာ သက်သေပြခဲ့သည်...(သို့)ဘာသရှေဇ၏အကမှာဖြစ်သည်။ နံရံပေါ်မှာ လက်ရေး ကိုခါလဒဲ (သို့)နက္ခတပညာရှင်မည်သူတဦးတယောက်ကမှမဖတ်တတ်ပါ။ သို့သော် ဒံယေလကဝိညာဉ်တော်နှင့်တန်ခိုး တော်အားဖြင့် အသက်ရှင်တော်မူသောဘုရားကြောင့်ဖတ်နိုင်ခဲ့ပါသည်။ ထိုအရေးအသားကိုမြင့်မြတ်သည်ဟု သတ်မှတ် ၍ ယနေ့တိုင်ထားရှိပါသည်။

13 ၁၃။ ယခု သူတို့ကို ကျွန်တော်တို့က အရှေ့တွင်ဟုခေါ်သည်...အိန္ဒိယမှာ သူတို့နှင့်တွေ့ဆုံ၍စကားပြောခွင့်ရခဲ့ပါသည်။သူတို့ကို ယခုအခါ မိုဟာဗေဒင်များဟုခေါ်ကြသည်။ သူတို့တကယ်ဘဲ ဗီဒိုပါးရှားများဖြစ်ကြသည်။အိန္ဒိယများက ....သူ တို့ကို ‘မသန့်ရှင်းသူများ’ ဟုခေါ်ကြောင်း ကျွန်တော်သိရသည်။ ဗီဒို-ပါရှားတို့မှာ တကယ်ဘဲ မိုဟာမေဒင်များဖြစ်ကြသည်။သူတို့သည် မူလအစက နေဗုခနေဇါဘုရင်နှင့်အတူရှိခဲ့ကြပါသည်။ သူတို့သည် တကယ်ကျမ်းတတ်များဖြစ်ကြပြီးသဘာဝအရာများကို လေ့လာကြသည်။ ဝိညာဉ်အရာများကိုဖော်ပြ၍ ဘာဖြစ်ကို ကြေငြာကြပါသည်။

14 ၁၄။ နှစ်ပေါင်းရာနှင့်ချီ၍ ကြာခဲ့ပြီးနောက်ဒံယေလ၏သွန်သင်ချက်များကို သူတို့က ထိမ်းသိမ်းထားခဲ့ကြပါသည်။ သူတို့ အလုပ်မှာ ညနေခင်းအချိန်တွင်Assage တောင်ပေါ်သို့တက်သွားကြသည်။ထိုအပေါ်မှာ နန်းတော်ရှိပါသည်။ ထိုနန်းတော် ထဲမှာ ပညာရှိများ၏နန်းတော်ရှိပါသည်။ သူတို့ထိုနေရာမှာ ဘုရားပွဲလုပ်ပါသည်။ ပွဲတော်ပြီးနောက် သူတို့ထွက်၍လမ်း လျှောက်ကြပြီး နေဝင်သွားသောအခါလေ့လာရေးမြော်စင်ပေါ်တက်ကြပါသည်- ကြိမ်ဖန်များစွာ သန့်ရှင်းသောရေဖြင့် မိမိ တို့ကိုယ်ကိုကောင်းချီးပေးကြသည်။ ယနေ့တိုင်ဖြစ်သည်။အများဆုံးမှာ သူတို့အတွက်အမြင့်မြတ်ဆုံးမှာမီးဖြစ်သည်။ တပါး တည်းသော စစ်မှန်သည့်ဘုရားမှာမီးထဲမှာနေသည်ဟုသူတို့ယုံကြည်ကြသည်။ တပါးတည်းသော စစ်မှန်သည့် ဘုရားသခင် မှာ အလင်းထဲမှာနေ၍ သူသည်လောင်ကျွမ်းနေသောမီးဖြစ်ကြောင်းသိရသည်မှာမည်မျှအံ့ဖွယ်ဖြစ်ပါသနည်း။

သူတို့ မြင့်မြတ်သောမီးကို ပူဇော်ကြပါသည်။ ထိုမီးကိုကြည့်၍ ဤမီးထဲမှာ တပါးတည်းသောစစ်မှန်သည့် ဘုရားရှိနေကြောင်း ယုံကြည်ကြပါသည်။ ကိုယ်တော်က မိမိကိုယ်ကို သူတို့အားထင်လင်းစေပါသည်။နေအလင်းရောင်မရှိတော့သောအခါ ထို မီးကကြီးထွားလာသောအလင်းဖြစ်လာပါသည်။

15 ၁၅။ သူတို့လေ့လာရေးမြော်စင်သို့သွားပြီးအပေါ်သို့မော့ကြည့်ပါမည်။ သူတို့မှာ တကယ်တော်ပါသည်။ ကြယ်အစုအဝေးကြီး၏လှုပ်ရှားမှုကိုသူတို့သိပါသည်။လှုပ်ရှားမှုတိုင်းကို အဝေးကနေ လေ့လာပါသည်။

အို ခရစ်ယာန်များလည်း ထိုသို့လုပ်ပါက ကြယ်များကိုကြည့်ခြင်းမဟုတ်ပါ။ ဘုရားနှုတ်ကပတ်တော်ကိုဖော်ပြသည့်အတိုင်း ကြည့်ရန်ပင်ဖြစ်ပါသည်။ ယနေ့လည်း သတိပြုမိပါက ယနေ့ခန့်ညားစွာရပ်တည်နေသောအရာများကိုတွေ့ရပြီးဘုရား၏ ကတိတော်မည်သို့ဖြစ်ကြောင်းသိရပါသည်။ ဘုရားသခင်က ဤအရာများကိုပြုမည့်အကြောင်းကတိပေးခဲ့ပါသည်။ အနာရောဂါငြိမ်းစေခြင်းနှင့်အံ့ဖွယ်နိမိတ်လက္ခဏာကြီးများဖြစ်ပါသည်။

16 ၁၆။ အဖြစ်အပျက်များကို သွန်သင်ပေးသော ဒံယေလကပင်နောက်ဆုံးသောကာလမှာ ဘုရားကိုသိသူများပင်လျှင် ခေါင်းပုံဖြတ်ခြင်းများပြုလုပ်မည်ဟုဆိုကြပါသည်။ထိုကျမ်းချက်များပြည့်စုံရပါမည်။ ကျွန်တော်တို့ကသာ ရှာဖွေပါက သင် သတိပြုမိပါက ဘုရားသခင်ကသူ့ကိုရှာဖွေသူများကိုသာ မိမိကိုယ်ကိုဖော်ပြသည်။ မိမိကိုတွေ့လိုသူများကိုသာဖော်ပြ သည်။ ‘ငါ့ထံ ချဉ်းကပ်ပါ။ ငါကလည်း သင်တို့ထံချဉ်းကပ်မည်’ ဟု ကိုယ်တော်ဆိုပါသည်။တခါတရံ ဘုရားသခင်က ဖြစ် စေပြီး ကိုယ်တော်ထံနီးကပ်စေပါသည်။ ဘုရားကတကယ်ဘဲ ထိုအဖြစ်အပျက်များကိုဘိသိက်ပေး၍ဖြစ်စေပါသည်။ ကိုယ် တော်၏ ကြီးမားသော အချိန်နာရီရောက်သည်နှင့် ထိုအရာများကိုဖော်ပြသွားပါမည်။

17 ၁၇။ တညမှာ ပွဲတော်ပြီးသွားပြီးနောက် နေဝင်သွားသည်ကိုသူတို့ဦးညွှတ်ကြသည်။ ကျွန်ုပ်တို့အဖွဲ့လေ့လာရေးမြော်စင်ပေါ်တက်သွားကြသည်။ ကြီးမားသောကောင်းကင်ဆိုင်ရာအစုအဝေးများကောင်းကင်ပေါ်မှာ ပေါ်ထွက်လာပါသည်။ ရှေးကျလှသော လက်ရေးစာမူများ ပုံပြင်များကိုထုတ်ယူလာပြီးဖွင့်ဖတ်ကြည့်သောအခါ ကြိုတင်ဖော်ပြထားသောအရာ အချို့ကိုတွေ့ရကြောင်း သူတို့ပြောဆိုကြပါသည်။အကြောင်းအရာမှာ ကြာမြင့်လှပြီဖြစ်၍ နိုင်ငံများပြိုကွဲပျက်စီးရခြင်းအ ကြောင်းနှင့်အင်ပါယာကြီးများ ကျဆုံးရခြင်းအကြောင်းများတွေ့ရပါသည်။ ရှေးလွန်လေပြီးသောကာလကဖြစ်၍ လူတို့၏လူနေမှုအကြောင်းနှင့်စစ်ပွဲများအကြောင်းတွေ့ရပါသည်။ ကမ႓ာမြေကြီးကိုကွဲပြဲစေ၍ သူတို့၏ရဲဘော်ရဲဘက်များ၏သွေးနှင့်ဆေးကြောခံရပါသည်။ ဝိညာဉ်သဘောရှိသူများကသာဝိညာဉ်အရာများကိုနားလည်ကြပါသည်။ ကြီးမားသောနေ့ရက်များ

မည်သို့ကုန်ဆုံးသွားကြောင်း ဖော်ပြထားၡ၍သူတို့အရှက်ကွဲခြင်းနှင့်သန့်ရှင်းသော မီးလျှံများလေထုထဲမှာပျံ့ဝဲပြီးပျောက်ကွယ် ကုန်ကြပါသည်။ အသက်ရှင်တော်မူ၍ စစ်မှန်သောတဆူတည်းသောဘုရားကို ကိုယ်စားပြုကြပါသည်။

ညသန်းခေါင် အချိန်ရောက်သောအခါ - ဆယ်နာရီ(သို့)ဆယ့်တစ်နာရီခန့်မှာ - အားလုံးစုထိုင်နေကြစဉ်သီချင်းဆိုကြသည်။ (သို့) ဆုတောင်းနေကြပါသည်။ သူတို့ဘာလုပ်ကြောင်း အတိအကျတော့မသိရပါ။သမိုင်းရေးသားသူများက ရှင်းလင်းမ ထားပါ။ သို့သော် ဝိညာဉ်ရေးရာ သဘောထားရှိနေပါမည်။ ညီညွတ်သဘောထားရှိနေပါမည်။ညီညွတ်၍ ဝိညာဉ်တော်ထဲ မှာရှိနေစဉ်မှာ ဘုရားကိုဝတ်ပြုနိုင်ပါသည်။

18 ၁၈။ ဤမနက် ဘုရားသခင်က ကျွန်တော်တို့ထံလာပါမည်။ကိုယ်တော်က ဒီကလေးမ၏အသက်ကိုချမ်းသာခွင့်ပေးပါ မည်။ ဒီမှာရှိနေသော သူများကင်ဆာဖြင့်သေလုမျောပါးဖြစ်နေသူများ အခြားရောဂါခံစားရသူများ ကိုယ်တော်၏နှုတ်က ပတ်တော်နှင့် ကိုယ်တော်၌ဝိညာဉ်ရေးရာအရ တညီတညွတ်ရှိရပါမည်။ ဘုရားက မိမိကိုယ်ကို ဖော်ပြပါသည်။ ကိုယ်တော် အမြဲတမ်းထိုသို့ပြုပါသည်။

ဧမောက်မြို့သို့ သွားရာလမ်းမှာ ရှင်ပြန်ထမြောက်ပြီးနောက်Cleopas နှင့် သူ၏မိတ်ဆွေက ကိုယ်တော်ကိုစကားပြောသော အချိန်ဖြစ်ပါသည်။ကျမ်းချက်များကို အညွှန်းပြ၍ ဘုရားသခင်ကခရစ်တော်၌ သူတို့ကို မိမိကိုယ်ကိုဖော်ပြပါသည်။လမ်းမှာ ပြန်လာသောအခါ သူတို့ကပြောပါသည်။ ‘လမ်းတလျှောက် ကိုယ်တော်နှင့်စကားပြောနေစဉ်မှာကျွန်တော်တို့၏စိတ်နှလုံး များတောက်လောင်မနေဘူးလား?’ နှုတ်ကပတ်တော်အကြောင်း တစုံတရာပြောဆိုနေခြင်းပင်ဖြစ်ပါသည်။

19 ၁၉။ ကျမ်းစာလက်ရေးမူအဟောင်းများအရ လက်ဆင့်ကမ်းရေးသားခဲ့သောပညာရှိအမျိုးမျိုး၏အရေးအသားများကိုဖတ် ကြရသည်။ သူတို့ကျမ်းစာမှာ ဘာဖြစ်ကြောင်း ကျွန်တော်ယနေ့တိုင်မသိပါ။သူတို့က Zend Avesta ဟုခေါ်ပါသည်။ သူတို့ဖတ်ပြီး သူတို့၏ ဆုတောင်းချက်များရေးသားမှုကို ပြန်လည်ရည်ညွှန်းကြပါသည်။ သူတို့အတော်များများမှာရုပ်ထုကိုးကွယ် သူများဖြစ်ကြသည်။ လူများကို အရှက်ကွဲ၍ အမင်္ဂလာဖြစ်စေပါသည်။ ဤပညာရှိကြီးများခေါင်းမဖော်နိုင်အောင် ရှက်ကြမည် မှာ သေချာပါသည်။ သို့သော် မြင့်မြတ်သောတောက်လောင်နေသည့်မီးကသာလျှင် တကယ်စစ်မှန်သောဘုရားကို ကိုယ် စားပြုပါသည်။

20 ၂၀။ နန်းတော်ထဲမှာ လူတဦးလက်ထဲမှာ စာအိတ်ကိုင်လျက်ထွက်လာသည်ကို ကျွန်တော်တွေ့ပါသည်။ သူတို့လေ့လာ ရေးမျှော်စင်ပေါ်မှာ ထိုင်နေစဉ်သူက ပုံပြင်များအကြောင်းကိုယ်စားပြုပြောဆိုပါသည်။ ကြယ်များကိုကြည့်သည့်အခါ အရာ ခပ်သိမ်းမှာ နေရာတကျလှုပ်ရှားနေပါသည်။တညပြီးတည ဘုရားဘိသိက်ပေးသည့်အတိုင်းဖြစ်ပါသည်။ နိုင်ငံများပျက်စီး ရခြင်းအကြောင်း သူတို့ပြောဆိုနေကြစဉ်ဒံယေလအနာဂတ္တိကျမ်းကိုဖတ်ကြရပါသည်။ ‘တောင်ထဲမှာ ကျောက်တုံးကိုဖြတ် ၍ လက်နှင့်ဖြတ်ခြင်းမဟုတ်ဘဲနိုင်ငံများကို ပြိုကွဲစေပြီး တလင်းနယ်သောကြမ်းပြင်ပေါ်မှာ ပြာကဲ့သို့ဖြစ်ကြရသည်။ ဤကျောက်ကတောင်ကြီးသဖွယ် ဖြစ်လာပြီး ကမ႓ာမြေကြီးကိုဖုံးအုပ်သွားသည်။ သူ၏နိုင်ငံတော်သည် ထာဝရနိုင်ငံတော်ဖြစ် ပါမည်’ သူတို့၏မြော်လင့်ခြင်းများသည်အင်ပါယာကျဆုံးခြင်းနှင့် နိုင်ငံများကျဆုံးခြင်းဖြစ်ပြီး ပျက်ဆီးကုန်ပါမည်။ ထာဝ ရတည်မြဲမည့်နိုင်ငံတော်ရောက်လာပြီး အသက်ရှင်တော်မူ၍ စစ်မှန်သောဘုရားသခင်က ခန့်အပ်ခြင်းခံရပါမည်။

သူတို့က ဤအရာများအကြောင်း ကျမ်းစာတွင်ရေးသားထားသည်ကို စဉ်းစားပြီး တဦးကအပေါ်သို့ကြည့်၍သူတို့ထဲမှာ ဧည့်သည်ကိုစဉ်းစားပြီး တဦးကအပေါ်သို့ကြည့်၍ သူတို့ ထဲမှာ ဧည့်သည်တဦးပါလာပါသည်။တခါမှ မတွေ့ခဲ့ဘူးသောအ လင်းကိုတွေ့ကြရပါသည်။ အလွန်ကြီးသောကြယ်ဖြစ်၍ ယနေ့အချိန်အထိ ပညာရှိများမျက်စိထဲမှာမတွေ့ခဲ့ရပါဘူး။ သို့သော် ရှိနေပါသည် အဘယ်ကြောင့်နည်း ? ကျမ်းစာပြည့်စုံရပါမည်။

21 ၂၁။ သင်က ပြောပါမည် ‘ဘာရာသာဘာရမ်ဟမ်အဲဒီပညာရှိကြီးတွေကို ဘုရားက တို့ထိတယ်လို့သင်ထင်ပါသလား?’ သမ္မာကျမ်းစာသိုထားပါသည်။ ဟေဗြဲသြဝါဒစာ အခန်းကြီး ၁ အငယ် ၁ မှာဘုရားသခင်က အချိန်တန်သောအခါ အမျိုးမျိုး သောအားဖြင့် ဘိုးဘေးများကို စကားပြောခဲ့သည်။

တမန်တော် ၁၀း ၃၅ တွင်လည်း ဘုရားက လူများကိုဂရုမစိုက်ပါ သူ့အားဖြောင့်မတ်ခြင်း၌ အစေခံမည့်နိုင်ငံတိုင်းကို ကိုယ် တော်က လေးစားပါသည်။သင်မှားနေသော်လည်း ဘုရားကိုအစေခံလိုသော ဆန္ဒသင့်နှလုံးသားထဲမှာရှိပါက ဘုရားကေ လးစားပါသည်။ ဂိုဏ်းဂဏများက သူတို့ဝင်ရောက်နိုင်သောလိုင်းမရှိပါ။ ဘုရားကိုရပ်သွားစေမည့် မည်သည့်ယုံကြည်ချက်မဆိုဖြစ်နိုင်ပါသည်။ အကြောင်းမှာ ဘုရားက လူသား၏စိတ်နှလုံးကိုသာကြည့်ပြီး ထိုနေရာမှနေ၍သူ့အလုပ်လုပ်သွားပါ မည်။

22 ၂၂။ ဤပညာရှိများမှာ စိတ်နှလုံးထဲမှာ ရိုးသား၍စစ်မှန်သောတပါးတည်းသောဘုရားကိုမြင်လိုပြီး သူ၏ပရောဖက်ပြု ချက်ပြည့်စုံစေလိုပါသည်။ ကိုယ်တော်ကသူ့အားပေါ်ထွက်စေပြီး သူ၏နိုင်ငံတော်မှာလည်း အဆုံးမရှိပါ။ ထာဝရနိုင်ငံတော် ဖြစ်ပါသည်။ ထိုအချိန်မှာ ကြယ်အဖြစ် ယနေ့ ကျွန်တော်တို့တွေ့ရသောကြယ်မှာ ကောင်းကင်မှာပေါ်ထွက်လာပါသည်။ထိုပညာရှိများ တသဘောတည်း စကားမပြောနိုင်တော့ဘဲ ထိုကြယ်ကိုသာကြည့်နေမိပါသည်။ ကြယ်အစုအဝေး၏လမ်းကြောင်းအတိုင်းမဟုတ်ဘဲ ကြီးမားသောကောင်းကင်အစုအဝေးကြီး၏ ကြယ်အစုအဝေးကြီးမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ တစုံတရာဖြစ်လာတော့မည်ကို ကြေငြာနေခြင်းဖြစ်ပါသည်။

23 ၂၃။ ဒီနေ့အချိန်မှာ ဘာကို ကျွန်တော်တို့ဆိုလိုကြောင်းသင်တို့ဖတ်ကြည်ခြင်းဖြင့် သိနိုင်မည်ဟု ကျွန်တော်မျှော်လင့် ပါသည်။ ဘုရားသခင်က အရာခပ်သိမ်းကိုဆန့်ကျင်၍ မိမိကိုယ်ကိုကြေငြာပါသည်။ ယနေ့ ကိုယ်တော်အသက်ရှင်တော်မူ ၍သေခြင်းမှ ထမြောက်တော်မူပြီးသူ၏ကောင်းကင်ဆိုင်ရာခန္ဓာကိုယ်နှင့်ရှိနေပါသည်။ ကိုယ်တော်ရှင်ရှိနေတော်မူခြင်းက ကမ႓ာကြီးပေါ်မှာ

ပုန်ကန်မှုအားလုံးကို ဆန့်ကျင်နေပါမည်။ သူကထာဝရအသက်ရှင်နေပါသည်။ဘုရားသခင်က သူ၏နည်း လမ်းဖြင့် တမူထူးခြားစွာပြုလုပ်ပါသည်။

24 ၂၄။ ကောင်းကင်အလင်းများကို သူတို့ကြည့်ကြသော်လည်းဤအလင်းမှာ အခြားအလင်းအားလုံးနှင့်ကွာခြားပါသည်။ ကျွန်တော်တို့ကြည့်နေစဉ်မှာ ယနေ့ ဘုရားကျောင်းအလင်းများကိုတွေ့ရပါသည်။မက်သဒစ်၊ နှစ်ခြင်း၊ ပင်တေကုတ္တေ၊ ပရက်စီပီတေးရီးယန်း အလင်းများကိုတွေ့ရပါသည်။

သို့သော် ကိုယ်တော်ကိုကြည့်နေသူများအတွက် အလင်းအမျိုးမျိုး စတင်တောက်ပနေပါသည်။ကိုယ်တော်ကိုကြေငြာနေ ပါသည်။ ‘ကိုယ်တော်က မနေ့၊ ယနေ့နှင့် ထာဝရကာလပြောင်းလဲခြင်းမရှိပါ’ သူ၏ကြီးမားသောအလှအပနှင့် တန်ခိုးမှာ ကောင်းကင်ဆိုင်ရာ ခန္ဓာကိုယ်ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်စေလွှတ်ခြင်းခံရပါသည်။ အသင်းတော်အတွက် ဤနောက်ဆုံးသောနေ့ရက်များမှာဖြစ်နေပါသည်။ သူ၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးမှာထာဝရအလင်းဖြစ်၍ သူ၏ယုံကြည် သူများအလယ်မှာ တည်ရှိပါသည်။ ကိုယ်တော်ရှင်ပြုတော်မူသည်မှာမည်မျှအံ့ဖွယ်ရာဖြစ်ပါသနည်း ?

25 ၂၅။ သူတို့ရပ်နေကြပါသည်။ မှင်သက်မိနေကြသည်။တဦးကိုတဦးစကားပင်မပြောနိုင်ကြတော့ပါ။ ဤအလင်းက သူ တို့ကိုမှင်သက်မိစေပါသည်။ အို ယနေ့ဘယ်လိုပါလဲ၊ ကျွန်တော်ရဲ့ ရောဂါခံစားနေရသောမိတ်ဆွေ ကိုယ်တော်၏ တန်ခိုး တော်ကို ဘယ်တော့မှမသိခဲ့ရသောသူဘဝသစ်နှင့်မျှော်လင့်ချက်အသစ်ကိုပေးရန် သူကယေရှုတည်းဟူသော ဘုရားရှေ့ တော်မှောက်သို့လျှောက်လှမ်း၍ယုံကြည်ခြင်းဖြင့် ကိုယ်တော်၏တန်ခိုးတော်မှာ မှင်သက်မိနေပါသည်။ ပလ္လင်တော်ရှေ့ လျှောက်လှမ်း၍တရားဟောဆရာကိုညာလက်ကမ်းပေးသကဲ့သို့မဟုတ်သလို ရေကန်ထဲမှာ နှစ်ခြင်းခံရန်(သို့)ရေဖျန်းခံရန်ကဲ့သို့မဟုတ်ပါ။ သင်ယခင်က သက်သေမခံခဲ့ရသော အလင်းထဲသို့လျှောက်သွားခြင်းဖြစ်ပါသည်။ ယုံကြည်ခြင်းကျောက်ချ၍ ဘုရားနှုတ်ကပတ်တော်ကို ဆန့်ကျင်သည့် အရာမှန်သမျှကိုအတိုက်အခံပြုရပါမည်။ အသက်တာအသစ်ကိုပေးသည်။သေလုမျောပါးဖြစ်နေသူများကို မျှော်လင့်ခြင်းပေးသည်။ အားနည်းသူများကိုအားပေးသည်။ ဖျားနာသူများကိုအနာရောဂါငြိမ်းစေသည်။ နှစ်သက်ခြင်းမခံရသူများကိုကောင်းချီးပေးသည်။ သူ၏အလင်းရှေ့တော်မှောက်သို့ဝင်ရောက်ခြင်းမှာမည်မျှ နှစ်သက်ဖွယ်ရာဖြစ်ပါသနည်း။ ဒဏ္ဍာရီမဟုတ်ပါ။ တစုံတဦးက ဇါတိသဘောထား၍ တစုလုံးကိုဆွဲတင်လိုက်ခြင်းမဟုတ်ပါ။ဘုန်းတော်ဘုရင်၏ရှေ့တော်မှောက်သို့တိုက်ရိုက် ရောက်လာခြင်းဖြစ်သည်။ အသက်ရှင်တော်မူသောဘုရား၏ထာဝရအ လင်းဖြစ်သည်။

26 ၂၆။ တစုံတရာဖြစ်လာပြီး သင့်အထဲမှာမျှော်လင့်ခြင်းကျောက်ချလိုက်ပါကမည်မျှပင် နောက်ပိုင်းမှာဖျားနာပါက နတ် ဆိုးအတွက်လုံးဂကောင်းတော့မည်မဟုတ်ဘဲ သင့်အားအတိုက်အခံတစုံတရာနှောင့်ယှက်နိုင်တော့မည်မဟုတ်ပါ။ ထာဝရ ကျောက်ချသွားပါမည်။ ရန်သူက သင့်အားမှားယွင်းသောအသက်တာဖြင့်အသက်ရှင်ရန် လှည့်ဖျားသော်လည်း သင်က ထာဝရကျောက်ချပြီးဖြစ်ပါသည်။ အကြောင်းမှာ သင်သည်ကိုယ်တော်ရှင်ရှေ့တော်မှောက်ရောက်၍ ဘုရားသခင်၏အလင်း ထဲမှာ သင်၏အတွင်းစိတ်သဘောကိုပြောင်းလဲစေ၍ဝမ်းမြောက်ခြင်းကိုထည့်ပေးပြီး ကယ်တင်ခြင်းခေါင်းဆောင်သင့်နှလုံး သားထဲမှာ မြည်နေပေမည်။ကမ႓ာလောကကြီးက ဘာအကြောင်းမှမသိရပါ။ သင်က သေခြင်းမှအသက်ရှင်ခြင်းကိုကူးပြောင်းရပါသည်။ သေခြင်းနှင့်၎င်း၏အရိပ်က သင့်ထံမှစီးဆင်းသွားပြီး သင်က အသစ်သောသတ္တဝါဖြစ်လာပြီးဘုရားသခင်၏အ လင်းထဲကိုလှမ်းသွားရပြီဖြစ်ပါသည်။

27 ၂၇။ ဤပညာရှိများကဲ့သို့နှစ်သက်မိ၍ အလင်းကိုကြည့်နေကြပါသည်။နောက်ဆုံးမှာတဦးကိုတဦးပြောကြသည်ကို ကြား ရပါသည်။ အို ထိုအရာမှာ ကြီးမားသောတံတက်မဟုတ်ပါလား ?တစုံတရာက ယခုပင်ဖြစ်ပေါ်လာတော့မည်။

တကယ်ဘဲ ယနေ့ သခင်ယေရှု၏ရှေ့တော်မှောက်သို့ ကျွန်တော်တို့ထွက်လာသောအခါ ဘုရားသခင်၏အမှတ်အသားဖြစ်၍ တစုံတရာက ဖြစ်လာပါတော့မည်။ ကိုယ်တော်ရှင်ဒုတိယအကြိမ်ကြွလာတော်မူခြင်းနီးလာပါပြီ။

သူတို့တယောက်ကိုတယောက်ကြည့်ပြီး မကြာမီမှာ ... သူတို့ကြည့်ကြပါသည်။ တညလုံးဖြစ်ပါသည်။ တောက်ပလျက်ရှိ ပါသည်။ အခြားကြယ်များထက်ပို၍ တောက်ပပါသည်။ အခြားကြယ်များကိုမကြည့်နိုင်တော့ဘဲ ထိုကြယ်ကြီးကိုသာမလွှတ်တမ်းကြည့်နေမိပါသည်။

သေချာပါသည်။ ထိုကြီးမားသော ထာဝရအလင်း ကျွန်တော်တို့မျက်နှာပေါ်သို့ကျရောက်သောအခါကျွန်တော်တို့၏ ဂိုဏ်း ဂဏများကို ကျွန်တော်တို့မကြည့်ကြတော့ပါ။ ‘ငါတို့က နှစ်ခြင်းတွေပရက်စီတီးရီးယန်းတွေ ပင်တေကုတ္တေတွေ’ လို့မပြော ကြစေရပါ။ ဘာဘဲဖြစ်ဖြစ် ကျွန်တော်တို့အလင်းကိုသာကြည့်ပါသည်။အသက်ရှင်ပါသည်။ ကိုယ်တော်သည် ထာဝရအလင်း ဖြစ်ပါသည်။

28 ၂၈။ သူတို့ကြည့်နေကြသောအခါ နောက်ဆုံးနေကထွက်လာသည်.... တနေ့လုံး သူတို့အိပ်ကြသည်။ အိန္ဒိယနိုင်ငံမှာ သူတို့လမ်းများပေါ်မှီထိုင်နေကြသည်ကိုကျွန်တော်ကြည့်နေမိပါသည်။ လက်များယှက်၍ခေါင်းခြင်းဆိုင်ပြီး နေ့အချိန်မှာ အိပ် ကြသည်။ ညဖက်မှာ သွား၍ကြယ်များကိုကြည့်ပြီး လှုပ်ရှားမှုကိုကြည့်သည်။

29 ၂၉။ ကိုယ်တော်ကိုမျှော်ကြည့်သူများသာလျှင်ကိုယ်တော်ကိုတွေ့ရပါမည်။ ကိုယ်တော်ကိုယုံကြည်သူများသာလျှင် ကိုယ်တော်၏ကောင်းချီးကိုခံစားရပါမည်။အနာရောဂါငြိမ်းခြင်းကိုရရှိပါမည်။ ကယ်တင်ခြင်းကိုယုံကြည်သူများသာလျှင် ကယ်တင်ခြင်းရရှိပါမည်။ယုံကြည်သူများအတွက် အရာအားလုံးဖြစ်နိုင်ပါသည်။ သို့သော် ပထမဆုံးလောကအတွေးနှင့် မတွေးရန်လိုပါသည်။ ဘုရားတပါးတည်းထံမှသာ တိုက်ရိုက်ဗျာဒိတ်စေလွှတ်ခင်းဖြစ်၍ ကျွန်တော်တို့မြင်တွေ့ရပါမည်။

30 ၃၀။ တညပြီးတည သူတို့ကြည့်နေကြကြောင်း ကျွန်တော်တို့တွေ့ရပါသည်။သူတို့ဆွေးနွေးကြပါသည်။ ကျမ်းစာများ

ကိုသူတို့ကြည့်ပါသည်။ ရှာဖွေကြပါသည်။ တဦးကလာ၍ပြောသည်ကိုတွေ့ရပါသည်။ 'ဒီမှာ ဟေဗြဲစာပေရှိပါတယ်။ သူတို့ ပရောဖက်တပါးဆီကလာတာပါ။ ဘာလမ်လို့ခေါ်ပါတယ်။' သူ့အဆိုက 'ယာကုပ်၏ကြယ်ပေါ်ထွက်လာမည်' ဟုဆိုပါသည်။ ကျမ်းစာပြည့်စုံကြောင်းသူတို့တွေ့ရပါသည်။ အို သူတို့စိတ်နှလုံးများ မည်မျှဝမ်းမြောက်ပါမည်နည်း။

ကျွန်တော်တို့ စိတ်နှလုံးများ မည်မျှပျော်ရွှင်ပြီး ဤဆိုးယုတ်သောနေ့ရက်မှာ ကျွန်တော်တို့နေထိုင်ရကြောင်းသိသဖြင့်ဘုရား၏သန့်ရှင်းသော ကျမ်းစာပြည့်စုံသည်ကိုတွေ့ရသောအခါ ကျွန်တော်တို့ကို ဖော်ပြ၍ ကြီးမြတ်သောအလင်းကျွန်တော်တို့ အပေါ်သက်ရောက်ပါသည်။

31 ၃၁။ သူတို့ကြည့်နေစဉ်မှာဘဲ တစ်ညမှာထူခြားစွာပင်ငင်းကလှုပ်ရှားလာပါသည်။ ကျွန်တော်တို့အမြဲတမ်းအလင်းနှင့် ရွေ့လျားရပါသည်။ အလင်းကအနောက်ဖက်သို့ရွေ့လျားနေပါသည်။လျှင်မြန်စွာပင် သူတို့ကကုလားအုပ်များကို ယူ၍တန်ဖိုးရှိသောပစ္စည်းများသယ်ဆောင်ကြပါသည်။လက်ဆောင်များယူသွားကြပါသည်။ သူတို့ခရီးထွက်ကြသောအခါ အလင်းနောက်ကိုလိုက်ကြကြောင်းတွေ့ရပါသည်။သူတို့က ဤသူမှာကောင်းကင်ဆိုင်ရာ ပုဂ္ဂိုလ်ဖြစ်ကြောင်းသိကြပါသည်။ ပိုမိုကြီးမားသောအလင်းကိုရောင်ပြန်ဟပ်ရပါမည်။

ယနေ့လည်းထိုသို့ဖြစ်ပါသည်။ ကြယ်များတောက်ပနေသည်ကိုတွေ့ရသောအခါ နေကိုရောင်ပြန်ဟပ်ကြောင်းသိရပါသည်။ လသာသည်ကိုတွေ့ရသောအခါ ပို၍ကြီးမားသောအလင်းကိုရောင်ပြန်ဟပ်ကြောင်း ကျွန်တော်တို့သိရပါသည်။

အသင်းတော်တောက်ပနေသည်ကိုတွေ့ရသောအခါ ပိုမိုကြီးမားသောအလင်းထာဝရအရာနှင့်ထာဝရအလင်းကိုရောင်ပြန်ဟပ်ကြောင်းသိရပါသည်။ ကျွန်တော်တို့ ကိုယ်ကိုမှောင်မိုက်စေပါကနှလုံးသားများကိုပြောင်း၍ယုံကြည်ခြင်းကိုပြောင်းလိုက် ပါက 'အံ့ဖွယ်နိမိတ်လက္ခဏာနေ့ရက်များကုန်ဆုံးပြီ။ ဤသို့သောအရာများမရှိတော့ပါ' ဟုဆိုပါက ဘုရား၏ထာဝရအလင်း ကိုကျောခိုင်းခြင်းပင်ဖြစ်ပါသည်။

32 ၃၂။ သူတို့ဆက်၍သွားပါက တောင်များကိုစွန့်ခွာ၍အနောက်ဖက်ဆီသို့သွားနေကြသည်ကိုတွေ့ရပါသည်။ တိုင်းဂရစ်ဖတ်သို့တောင်စောင်းများမှဆင်းသွားကြပါသည်။ထိုမြစ်ကြီးအတိုင်းသွားပြီးဘာဘုလုံသို့ရောက်ပါသည်။ ဥဖရပ်မြစ်ကိုဖြတ်၍ပါလက်စတိုင်းပြည်သို့ရောက်ကြပါသည်။ပျော်နေကြသည်။ ညဖက်ခရီးသွားကြပါသည်။ ညဖက်မှာ အေးသောကြောင့် ဖြစ်သည်။ သဲကန္တရကိုဖြတ်ကျော်သွားကြရသည်။နောက်တခုမှာ ကြယ်ကညဖက်မှာသာပါသည်။ အလင်းနောက်ကိုလိုက် ရပါသည်။ အလင်းက သူတို့၏လမ်းပြဖြစ်သည်။

သူတို့တက်လာသောအခါ နောက်ဆုံးမှာ ယေရုရှလင်မြို့သို့ရောက်သည်။ သို့သော် ယေရုရှလင်ရောက်သောအခါပျောက် ကွယ်သွားပါသည်။ ရုတ်တရက်ပျောက်သွားသည်။ အကြောင်းမှာ အလင်းကိုထွန်းလင်းစေရန်သူတို့အချိန်ရောက်သော ကြောင့်ဖြစ်သည်။

33 ၃၃။ လူမျိုးစုံရှိသည့် မြို့တော်ကြီး၏ကွေ့ကောက်သောလမ်းများထဲမှာရှေးကမ္ဘာ၏မြို့တော်လမ်းများထဲမှာ ယေရုရှလင် သည် တချိန်က မာခိဇဒက်၏နေရာဖြစ်ခဲ့သည်။ ရှေးကျမ်းတတ်ဆရာနှင့်ပရောဖက်များရေးသားထားသည်အတိုင်းဖြစ်သည်။ သူတို့၏နမော်နမဲ့လောကဆန်သော အိပ်ငိုက်နေသောဘုရားမဲ့အသက်ရှင်မှုကြောင့် ဧဝံဂေလိအလင်းမှာပျောက်ကွယ်သွား ရပါသည်။

ယုဒတို့၏မြို့ကြီးထဲမှာ တပါးအမျိုးသားများ ငိုကြွေးနေကြပါသည်။ 'ဖွားမြင်သောယုဒဘုရင်မှာ အဘယ်မှာရှိသနည်း? အရှေ့တိုင်းမှာသူ၏ကြယ်ကိုငါတို့တွေ့မြင်ရပြီ။သူ့အားငါတို့လာ၍ဝတ်ပြုကိုးကွယ်ကြသည်' ဟုဆိုသည်။ ဤနေ့ရက်၏ အဖြစ်အပျက်ကြီးတခုပါ။ အိုဂရုဏာတော်အရှင် ကျွန်တော်တို့ကြည့်၍စဉ်းစားမိပါသည်။ ယုဒများလည်း အိပ်ပျော်နေကြ သည်။ပညာရှိကြီးများ - အရှေ့တိုင်းမှတပါးအမျိုးသားများ - အဝေးမှရောက်လာကြပါသည်။ ယုဒတို့၏ဘုရင်ကိုရှာဖွေ ရန် ခရီးနှင်လာကြသည်။ သူတို့က ဘာမှမသိကြပါ။ ယနေ့ဘုရားရှင်က ပညာတတ်သောသူများသဒ္ဒါကျောင်းပညာရေးထက် ပိုမတတ်တသော မိန်းကလေး၊ ယောကျ်ားလေးများကိုခေါ်၍သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးနှင့်ကြီးပြင်းစေပြီးအသင်း တော်၏နားထဲမှာအော်နေပါသည်။ ကိုယ်တော်သည် ကြီးမြတ်သောတန်ခိုးတော်နှင့်ဒီမှာရှိပြီးမိမိကိုယ်ကိုဖော်ပြ၍သိစေ ပါသည်။ အသင်းတော်က ထိုအကြောင်းကိုဘာမှမသိပါ။

34 ၃၄။ သူတို့လာ၍ အရိုအသေပေးကြပါသည်။ ဘုရင်တကာတို့၏ဘုရင်ကိုလာ၍အလေးပြုကြပါသည်။ အသင်းတော်မှာဂိုဏ်းဂဏထဲမှာအိပ်ပျော်နေသဖြင့် ဘာမှမသိတော့ပါ။ သူတို့သည်ဧည့်သည်များဖြစ်ကြသည်။ တိရိစ္ဆာန်များမှာ ကောင်းမွန် ပျော်ရွှင်၍ အရှေ့တိုင်းဝတ်စုံဝတ်ဆင်ထားပြီးပန်းပွားများတွဲကျလျက် ... တချိန်က Phileonဆိုခဲ့သကဲ့သို့ 'သူတို့ ဘုရင် များမဟုတ်ပါ။သို့သော်သူတို့ကြီးမြတ်၍ ဘုရင်၏အလေးစားခံရသော ဧည့်သည်များဖြစ်ကြပါသည်' ယခု သူတို့ရောက်လာကြပြီး နိုင်ငံတော်အသိအမှတ်ပြုတိရိစ္ဆာန်များပေါ်မှာ ထိုင်၍ကွင်းထဲသွားပြီး 'ဖွားမြင်တော်မူသော ယုဒဘုရင်ဘယ်မှာလဲ?' သမ္မာကျမ်းစာအဆိုအရယေရုရှလင်တမြို့လုံးနှင့်ဟေရုဒ်မင်းမှာ စိတ်သောကရောက်ရပါသည်။သူတို့သက်သေခံချက်က တခုခုကိုနှိုးဆွလိုက်ပါသည်။

ယနေ့ ဆိုးဝါးလှပါသည်။ အသင်းတော်မှာ သီသြလော်ဂျီလေ့ကျင့်ခန်းများကြောင့် ၎င်း၏မိုက်မဲမှုများထဲမှမထွက်နိုင်ပါ။ အ သက်ရှင်သောခရစ်တော်နှင့်သူ၏ဘုန်းတော်တန်ခိုးတော်ကိုမြင်ရသောအခါ စာမတတ်၊ပညာမတတ်၊ ဂိုဏ်းဂဏပေါင်းစုံ လှုပ်ရှားမှုက ကမ္ဘာကြီးကိုတိုက်ခတ်နေပါသည်။ အသက်ရှင်သောဘုရား၏ဘုန်းတော်ကိုလာ၍ ကြည့်ပါ။ အစအဦးမှာကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်ကျရောက်နေပါသည်။ ကျမ်းစာပြည့်စုံရမည်ဖြစ်ပြီး ယခုနောက်ဆုံးအချိန်မှာဖြစ်ပါသည်။

35 ၃၅။ ဤပညာရှိများ လမ်းမှားထဲမှာ လှုပ်ရှားသွားလာကြသောအခါဤသတင်းကြောင့် ရှင်ဘုရင်မှစ၍ အထမ်းသမားအ ထိသူတို့နှိုးဆော်သကဲ့သို့ဖြစ်ရပါသည်။ 'ကိုယ်တော်ဘယ်မှာလဲ? ကိုယ်တော်ဘယ်မှာရောက်နေလဲ?' သူတို့မဖြေကြပါ။ ယနေ့ကောင်းကင်ပေါ်မှာ

အာကာသယာဉ်များပျံဝဲနေချိန်မှာလုံးဝပျက်စီးခြင်းကိုတွေ့ရပါသည်။ အမျိုးသားအမျိုးသမီးများ အဖြစ်ထဲမှာ ဘုရားမဲ့စွာအသက်ရှင်နေစဉ်အချိန်မှာလူများအော်ဟစ်နေကြပါသည်။ ‘ဒါဘာအဓိပ္ပါယ်ပါလဲ?’ အသင်းတော် မှာအဖြေမရှိတော့ပါ။ သူမ အိပ်ပျော်နေပါသည်။

သို့သော် သန့်ရှင်းသောဝိညာဉ်မှာ ဘုရားရှင်၏မတည်မြဲသောအရာနှင့် ထာဝရအလင်းဖြစ်ပါသည်။မည်သူ့အပေါ်မှာ ဖြစ်ဖြစ် လင်းစေ၍ အလင်းကိုရရှိမည်ဖြစ်ပါသည်။

36 ၃၆။ အလင်းမရှိတော့ပါ။ သူတို့၏ သက်သေခံချက်ကိုပေးပါသည်။နောက်ဆုံးမှာ သူတို့ကအတုတကွယုဒတရားရုံးကို ကောင်စီစည်းဝေးခေါ်ကြပါသည်။ ပုံပြင်များနှင့်ပရောဖက်များ၏ရောက်လာကြပါသည်။ပရောဖက်ငယ်ကလေးမှာ မိက္ခာ အမည်ရှိ၍ ပရောဖက်ပြုပါသည်။ သူတို့က ဘုရင်ကိုပြောပါသည်။ ‘ရေးသားထားချက်ရှိပါသည် ဘက်လင်မြို့ ယုဒမင်း မင်းသားများထဲမှာ သင်ကအငယ်ဆုံးမင်းသားဖြစ်ပါသည်သို့သော် သင်တို့ထဲမှာ ငါ၏လူများဖြစ်သည့် ဣသရေလကို အုပ် စိုးမည့်သူပေါ်ထွက်လာပါမည်။ ခရစ်တော်ဖွားမြင်ရာ ဘက်လင်မြို့ဖြစ်ပါသည်။ ယုဒတို့၏ဘုရင်ဖြစ်ပါသည်’

ဘက်လင်မြို့သွားရာလမ်းကို ဘယ်သူကမှသူတို့ကိုမပြောပါ။ သို့သော် သူတို့စိတ်ထဲမှာထွက်၍မှောင်မိုက်သောမြို့တော် ကိုထားခဲ့သောအခါ သူတို့အပေါ်သို့အလင်းတဖန်ပေါ်ထွက်လာပြန်ပါသည်။ကြယ်ကြီးပေါ်ထွက်လာပါသည် သမ္မာကျမ်း စာဆိုပါသည်။ သူတို့အလွန်ဝမ်းမြောက်ပျော်ရွှင်ကြပါသည်။သူတို့အနည်းငယ်တကယ်ဘဲအော်ဟစ်ကြပါမည်။ သူတို့ကြီး မြတ်စွာ ဝမ်းမြောက်စွာအော်ဟစ်ကြပါသည်။သူတို့အလွန်ဝမ်းမြောက်ကြပါသည်။ သူတို့ခရီးဆုံးတိုင်ကြယ်ကြီးက လမ်းပြ ခဲ့ပါသည်။

37 ၃၇။ သူတို့နောက်မှလိုက်ကြပါသည်။ သူတို့သတိပြုမိသည်မှာလိုအပ်သည်ထက်ပင်ကြယ်ကြီးမှာ နိမ့်သောနေရာ ရောက် နေပါသည်။ ယခုပို၍နီးလာပါပြီ။ နောက်ဆုံးမှာသူတို့ဆက်သွားသောအခါ ပျော်ရွှင်စွာနှင့် ဘုရားကိုချီးမြှောက်၍သွားကြပြီး တညလုံး ဘုရားရှင်၏လက်တော်ဖြင့်လမ်းပြသွားပါသည်။နောက်ဆုံးမှာ ကြယ်ကြီးက န္ဒားတင်းကုပ်ကလေးတခုရှေ့သို့ ရောက်ပြီးတောင်ကုန်းနဘေးမှာ ဂူကလေးရှိ၍ကြယ်ကြီးတလုံးသူ့အပေါ်မှာကျရောက်လာပါသည်။ ဤပညာရှိကြီးများက တစ်နှစ်နှင့်ခြောက်လခန့်ခရီးနှင်လာကြပြီးလမ်းခရီးမှာလျှောက်သွား ၍ကြည့်နေကြပါသည်။ ဘာကိုမှမဟုတ်ဘဲ(အခြားလမ်းညွှန်မှုမရှိဘဲ) ကြယ်ကြီး၏လမ်းပြမှုကိုသာခံယူပါသည်။ ရပ်နားသောအခါ သူတို့ဝင်သွားကြသည်။ထိုနေရာမှာ ကလေးငယ် ယောသပ်နှင့်မာရိကိုတွေ့ကြရသည်။ သူတို့၏ဘဏ္ဍာသေတ္တာထဲမှ လက်ဆောင်များသယ်ဆောင်လာကြပါသည်သူ့အား ရွှေ၊ လောဘန်နှင့်မုရန်ကို ပူဇော်ဆက်သကြပါသည်။ အချိန်ရပါက ခေတ္တရပ်နားကြပါစို့။

38 ၃၈။ ရွှေကဘာကိုကိုယ်စားပြုပါသလဲ?သူကဘုရင်ဖြစ်ပါသည်။ သူ့အား ဘုရင်တင်မြှောက်ခြင်းခံရမည်မဟုတ်ပါ။ဘုရင် အဖြစ်မွေးဖွားခံရခြင်းဖြစ်ပါသည်။ သူက ဘုရားသခင်၏ထာဝရဘုရင်ဖြစ်ပါသည်။ သူကဘုရင်ဖြစ်၍သူတို့ကရွှေကိုဆက်သ ကြပါသည်။

သူတို့လောဘန်ကို ပူဇော်ကြပါသည်။ ရေမွှေးဖြစ်သည်။ အလွန်တန်ဖိုးရှိသည်။ အကောင်းဆုံးဖြစ်ပါသည်။လောဘန်၏အဓိ ပ္ပါယ်မှာ ဘာဖြစ်ပါသလဲ? ဘုရားကဲ့သို့မွှေးကြိုင်သောအနံ့ဖြစ်ပါသည်။ကိုယ်တော်သွား၍ အနာရောဂါငြိမ်းစေပြီးကောင်းမှု ပြုခဲ့ပါသည်။ ရွှေဖြစ်ရခြင်းမှာသူသည်ဘုရင်ဖြစ်သောကြောင့်ဖြစ်ပါသည်။ လောဘန်ဖြစ်ရခြင်းမှာ သူကဘုရားရှေ့မှာ မွှေး ကြိုင်သောအနံ့ဖြစ်သောကြောင့်ဖြစ်ပါသည်။သူ၏ဘဝက ကိုယ်တော်အားနှစ်သက်စေပါသည်။ ဘုရားသခင်က ကိုယ်တော် ၏မြင့်မြတ်သန့်ရှင်းသော အလှအပကိုမှုတ်သွင်းတော်မူပြီးကိုယ်တော်ရှင်အထဲမှာ လူ၏သန့်ရှင်းခြင်းကိုရောင်ပြန်ဟပ်စေ ပါသည်။ အို ကျွန်တော်တို့ကသာမွှေးကြိုင်သောရနံ့ဖြစ်နိုင်ပါက ဘုရားသခင်၏မြင့်မြတ်သန့်ရှင်းခြင်းက ကျွန်ုပ်တို့အထဲမှာ ရောင်ပြန်ဟပ်နိုင်ပါက ကျွန်တော်တို့သွား၍ကောင်းမှုပြုနိုင်ပါသည်။ နာဇရက်မြို့သားယေရှုအဖြစ်ကိုယ်တော်ရှင်အတွက် မွှေးကြိုင်သောရနံ့ဖြစ်လာပါသည်။

သို့သော် ကျွန်တော်တို့ရှုတ်ထွေးကြသည်။ အငြင်းအခုန်ဖြစ်ကြသည်။ဆူပူစေသည်။ သံသယဖြစ်ကြသည်။ဘုရားရှင်၏နှာ ခေါင်းထဲမှာ မွှေးရနံ့ဖြစ်စေသောအကြောင်းရင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဘဝများမှာကျွန်တော်တို့မရှိသင့်သည့် နေရာ ဟောင်းများမှာဝင်ထွက်နေပါသည်။ မပြောသင့်သည့်အရာများကိုကျွန်တော်တို့ပြောကြသည်။ ကျွန်တော်တို့မလုပ်သင့် သည့်အရာများကိုလုပ်ကြသည်။ ကမ႓ာလောကကြီးနှင့် ကျွန်တော်တို့ရှုတ်ထွေး၍လောကဖက်ကရပ်တည်ကြသည်။ အရေး ကြီးသောအချိန်မှာခရစ်တော်ကိုငြင်းပယ်ကြသည်။ ထိုအကြောင်းကြောင့် ကျွန်တော်တို့မှာမွှေးရနံ့မထွက်နိုင်တော့ပါ။သို့ သော်သူကဟုတ်မှန်၍ ဤပညာရှိများက အမွှေးနံ့သာများပေးကြပါသည်။

39 ၃၉။ ယခု သူတို့က ကိုယ်တော်ကိုမုရန်ပေးကြပါသည်။လူတိုင်းသိကြပါသည်။ မုရန်မှာဈေးကြီးသော်လည်း ခါးသော ဆေးပင်ဖြစ်သည်။ မုရန်ဖြစ်သည်။ မုရန်ကဘာကိုကိုက်စားပြုပါသလဲ?သူ၏ကြီးမားသော ပူဇော်ပသမှုဖြစ်ပါသည်။ သူက အမှုန့်ကြိတ်ခံရ၍ကရာနီတောင်ကုန်းပေါ်မှာ ငယ်ရွယ်သောအသက်တာကိုပူဇော်ရပါသည်။ လောက၏အပြစ်များကသူ့ အားတစစီကြိတ်ချေကိုက်ပါသည်။ရွှေဖြစ်ရခြင်းမှာ ဘုရင်ဖြစ်သောကြောင့်ဖြစ်သည်။ လောဘန်မှာချို၍ချစ်ဖွယ်အသက်တာ ဖြစ်သည်။ မုရန်မှာသူ၏ပူဇော်ခြင်းဖြစ်၍အပြစ်သားများကြောင့်ဖြစ်သည်။ သူ့အသေခံရသည်။ ‘ကျွန်ုပ်တို့အပြစ်များကြောင့် သူကဒဏ်ရာရခဲ့သည်။ ကျွန်ုပ်တို့ဒုစရိုက်ကြောင့်ဒဏ်ရာရသည်။ ကိုယ်တော်အပေါ်ကျွန်ုပ်တို့အပြစ်ဆုံးမခြင်းခံရပါမည်။ သူ၏ဒဏ်ချက်တော်များအားဖြင့် ကျွန်ုပ်တို့အနာငြိမ်းလျက်ရှိကြပါသည်။ထို့ကြောင့် ကိုယ်တော်ကိုမုရန်ဆက်သကြပါသည်။’

40 ၄၀။ အိမ်မက်ထဲမှာ ဘုရားသခင်က သတိထားသဖြင့်တခြားလမ်းဖြင့် သူတို့သွားကြပါသည်။ လုံးဝပြန်မလှည့်ပါ။ သို့သော် သူတို့ခရီးလမ်းမှာဖြောင့်ဖြူးပါသည်။ကြယ်ကြီးလည်းလမ်းပြမှုပြီးဆုံးပါသည်။

မိတ်ဆွေ ယနေ့ ထိုကြယ်ကြီး၏အဓိပ္ပါယ်မှာမည်သို့ဖြစ်ပါသနည်း? ဒံယေလအဖြေပေးထားပါသည်။ ဒံယေလ ၁၂း၃ ပညာရှိသူတို့သည်လည်း ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့ငှင်းလူအများတို့ကိုဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့ငှင်းအစဉ်အမြဲထွန်းလင်းကြလိမ့်မည်။

41 ၄၁။ ယနေ့ ကျွန်တော်တို့မှာ ဘာဖြစ်ပါသလဲ?ကျွန်တော်တို့သည် ကြယ်များဖြစ်ကြပါသည်။ ယုံကြည်သူခရစ်ယာန်တိုင်းသခင်ယေရှုခရစ်တော်၏သက်သေများဖြစ်ကြပါသည်။ သခင်ယေရှု၏တန်ခိုးတော်နှင့်မြင့်မြတ်သန့်ရှင်းခြင်းကိုရောင်ပြန်ဟပ်စေမည့်ကြယ်ကြီးဖြစ်ပါသည်။ သူ၏အသက်တာမှာ သူ့ကိုရောင်ပြန်ဟပ်စေပါမည်။ သူ၏နှုတ်ကပတ်တော်မှာသူက အပြစ်ကင်းစင်ပါသည်။ သူ၏အနာရောဂါငြိမ်းခြင်းတန်ခိုးတွင် သူကအပြစ်ကင်းစင်ပါသည်။ သူ၏ရှင်ပြန်ထမြောက်ခြင်းမှာသူကပြည့်စုံပါသည်။ အဖက်ဖက်မှာ သူက သူ့ကိုရောင်ပြန်ဟပ်စေ၍ ခမည်းတော်ဘုရားအားဖြင့် ကျွန်ုပ်တို့ကိုရောင်ပြန်ဟပ်စေပါသည်။ ကျွန်တော်တို့သည် ကြယ်များဖြစ်ကြပါသည်။ ကြည့်ပါ။ သင်ကမည်သို့သော ကြယ်ဖြစ်သင့်ပါသလဲ? ဤကြယ် မှာ သူ၏တန်ခိုးအားဖြင့် လမ်းပြမှုရရှိခြင်းမဟုတ်ပါ။ကြီးမြတ်တော်မူသောဘုရားသခင်၏ ကြယ်အစုအဝေးတန်ခိုးအားဖြင့် လမ်းပြမှုခံယူရရှိခြင်းဖြစ်ပါသည်။ကျွန်တော်တို့သည် ကြယ်များဖြစ်ကြပါသည်။

ကြည့်ပါ။ သင်သည် မည်သို့သောကြယ်ဖြစ်သင့်ပါသနည်း? ဤကြယ်ကို ငှင်း၏တန်ခိုးနှင့်လမ်းပြနေခြင်းမဟုတ်ပါ။ ကြီးမြတ်တော်မူသောဘုရားသခင်၏တန်ခိုးအားဖြင့် လမ်းပြခြင်းခံရပါသည်။ ခရစ်တော်ထံသို့ အပြစ်သားများ၏ ထင်ဟပ်မှုကိုကျွန်တော်တို့ပြသပါက သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုလိုအပ်ပါသည်။ ရောမ ၈း၁ ဟုဆိုထားပါသည်။ 'ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍ဇာတိပကတိအတိုင်းမကျင့် ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့ သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။' ကျွန်တော်တို့ကြယ်များဖြစ်ကြပါကခရစ်တော်ကိုအလင်းကို ထင်ဟပ်စေရန် အပြစ် သားများကို ကိုယ်တော်ထံပို့ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုခံယူရပါမည်။မှန်ပါသလား။

42 ၄၂။ ကျွန်တော်တို့မှာ သာမန်မဟုတ်နိုင်ကြပါ။ကျွန်တော်တို့ တူမထူးခြားနေရပါမည်။ ကျွန်တော်တို့သာမန်မဖြစ်နိုင်ကြ ပါ။ အကြောင်းမှာဘုရားလူများက အထွတ်အထိပ်ဖြစ်နေပါသည်။ ခေတ်အဆက်ဆက် သူတို့ကဖြတ်သန်းသွားကြရပါ သည်။

အထိတ်အထိပ်ဖြစ်သော်လည်း ကြယ်များမှာ တောက်ပနေပါသည်။ လောကပညာရေးမှာ အထိတ်အထိပ်မဟုတ်ပါ။(သို့) လောကရေးရာမှာမဟုတ်ပါ။ သို့သော် ကိုယ်တော်ရှင်ရှေ့တောမှာ ပူဇော်သက္ကာအဖြစ် တောက်ပနေပါသည်။ကျွန်တော်တို့ ကိုယ်ကျွန်တော်တို့ ပျပ်ဝပ်၍ပညာရှိများကဲ့သို့ ဘုရင်တကာတို့၏ဘုရင်ကြီးရှေ့မှာကိုယ်တော်၏အလင်းကိုရောင်ပြန်ဟပ် စေရပါမည်။

43 ၄၃။ သင်သည် ကြယ်ဖြစ်သည်။ ခရစ်ယာန်တိုင်းမှာကြယ်ဖြစ်၍ ပျောက်ဆုံးသူများကိုလမ်းပြပါသည်။ မောပန်းသူများ ကိုလမ်းပြသည်။ ခရီးသည်၏ခြေကိုငှင်းရှာဖွေသူများကိုသော်ငှင်း လမ်းပြပါသည်။ ကြယ်မှာမိမိဖါသာလမ်းမပြနိုင်ပါ။ ဝိညာဉ် တော်၏လမ်းပြမှုကိုခံယူရပါမည်။ သူ၏ဘဝမှာ ဘုရားသခင်၏တောက်ပမှုကိုခံယူရပါမည်။ လောကအရာများကိုရှောင်ရှား ရပါမည်။ ဘုရားတရားကြည်ညို၍ဤလက်ရှိလောကမှာ တည်ကြည်လေးနက်ပါသည်။ တောက်ပသောကြီးမြတ်သောသူ၏အလင်းကိုရောင်ပြန်ဟပ်စေရပါမည်။

ထိုသို့ဖြစ်လျှင် ကျွန်တော်တို့က ဘာလုပ်ရပါမည်နည်း? သေလုနီးပါးသူများအတွက် ထ၍ဘုရား၏အလင်းကိုတောက်ပရ ပါမည်။ ဤလောက၏မှောင်မိုက်ထဲမှာသခင်ယေရှု၏ထမြောက်ခြင်းတန်ခိုး၌ ကိုယ်တော်ရှင်ရှေ့တော်မှောက်မှာ ထင်ဟပ် ၍ တောက်ပရပါမည်။ ကိုယ်တော်သည် မနေ့ ယနေ့ သူ့ကိုရောင်ပြန်ဟပ်စေပါသည်။

44 ၄၄။ ကြယ်မှာတဖန်သူ၏လမ်းကြောင်းပြီးဆုံးသောအခါဘာဂုဏ်ကိုမှမမူတော့ပါ။ ကြယ်က သူတို့လမ်းကြောင်းအတိုင်း လူကိုပို့ဆောင်ခဲ့ပါသည်။ ထိုလမ်းကသူတို့၏မှန်ကန်သောအလင်းကိုပြသသည်။

ကျွန်တော်တို့မှာ ခရစ်တော်၏ကိုယ်ခန္ဓာအသင်းသားများအဖြစ် ဤမနက်မိတ်ဆွေများ ကျွန်တော်တို့မှာဘုရား၏အလင်း များပင်ဖြစ်ပါသည်။ ကျွန်တော်တို့ကိုယ် ကျွန်တောတို့ ဂုဏ်ယူစရာမရှိပါ။ ကျွန်တော်တို့လူနာများရှိ၍ ကျွန်ုပ်တို့၏လမ်းပြ သောလူများရှိပါက သူတို့ကို ကျွန်တော်တို့ရပါက ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ဂုဏ်မယူဘဲလမ်းပြ၍ ကြီးမြတ်၍အပြစ် မရှိသောအလင်းကိုလူတိုင်းအတွက် လင်းစေပြီးလောကီသို့ကြွသော သခင်ယေရှုခရစ်တော်ကိုညွှန်ပြရပါမည်။ စန်တာ ကလော့ ဟုခေါ်သော ဒဏ္ဍာရီပုံပြင်မဟုတ်ပါ။ ဂိုဏ်းဂဏဘုရားကျောင်းမဟုတ်ပါ။ စစ်မှန်၍အပြစ်မရှိသော အလင်းဖြစ် ယေရှုသည် အသက်ရှင်တော်မူသောဘုရားသားတော်ဖြစ်ပါသည်။

45 ၄၅။ ဆုတောင်းကြပါစို့။

ဘုရားသင့်ကိုယူခဲ့သောမြေမှုန့်ထဲမှာ ခေါင်းငုံ့လျက် တနေ့သောအခါမှာ ညဖက်မှာကြယ်များသာလျက်နေ့ဖက်မှာလည်း နေသာလျက်နေ့ဖက်မှာလည်း နေသာလျက် သင်သည် ထိုမြေမှုန့်သို့ပြန်သွားရပါမည်။သင်ဒီနေရာမှာရှိပါက ဒီခရစ်စမတ် ၏ညနေခင်းမှာ သန့်ရှင်းသောဝိညာဉ်တော်က ကယ်တင်ရှင်ထံသို့သင့်ကိုလမ်းပြ၍ ကိုယ်တော်အား ဤယုံခံနှင့် လက်ခံရန် သင့်လက်ကိုမြောက်၍ပြပါ။ 'ဘုရားသခင်ကျွန်တော်အပေါ်မှာ ဂရုဏာထားတော်မူပါ။ နေ့စဉ်လျှောက်လှမ်းစဉ်အခါမှာ ကျွန်တော်၏လမ်းမှာအလင်းပြပါ။ကျွန်တော်ကို ထိုအလင်းသို့နောက်ဆုံးလမ်းပြပြီး ကိုယ်တော်၏အသက်တာနှင့် ကျွန်တော်၏ဘဝကိုရောယှက်ပြီး ကျွန်တော်မှာ မပျက်စီးနိုင်သောထာဝရအလင်းရမည်ဖြစ်ပါသည်'

ကိုယ်တော်ကောင်းချီးပေးပါစေ။ ကျွန်တော် ညီမနှင့်သင့်ညီမ ညီငယ် ဟိုနောက်မှာရှိတဲ့အစ်ကို သင် ညီမနှင့် သင် ကျွန်တော်ညီဘုရားကလက်များကိုမြင်ပါတယ်။ ကိုယ်တော်ရှင် သင့်ကိုတွေ့ပါတယ်။ဟိုမှာရှိတဲ့ အမျိုးသမီးကြီး ကိုယ်တော် သင့်ကို

တွေ့ပါတယ်။ တကယ်ပါ။

46 ၄၆။ 'အို ယေရှု ဒီမနက်သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်တော်မူပါ။ ကျွန်တော်၏ လမ်းလွဲသော အသက်တာကို လမ်းပြပါ။ ကျွန်တော်အသင်းတော်တခုမှာပါဝင်ပါတယ်။ကျွန်တော်က ကက်သလစ်ဖြစ်ပါတယ်။ နှစ်ခြင်းဖြစ်ပါတယ်။ပရက် ပတေးရီးယန်းဖြစ်ပါတယ်။ ကျွန်တော်ပင်တေကုတ္တေကိုသွားပါတယ်။နေရာတိုင်းကိုသွားပါတယ်။ ရှာဖွေရန် ကျွန်တော်လာ ပါတယ် ကိုယ်တော်။ ကျွန်တော်လှည့်လည်နေရပါတယ်။ဘယ်နေရာမှာရပ်နေကြောင်း ကျွန်တော်မသိပါ။ ထိုကောင်းကင် ဆိုင်ရာခန္ဓာ မိုးသောက်ကြယ်၏ကောင်းကင်အရာဘုရား၏ကြီးမြတ်သောဝိညာဉ် ကျွန်တော်ကိုကိုယ်တော်ရှိသောနေရာ ကိုလမ်းပြပါ။ ကျွန်တော်သွားလိုပါသည်။နှလုံးသားကိုပုံအပ်၍ ကိုယ်တော်ကိုပုခက်ထဲမှာ လွဲလိုပါသည်။ သေမင်း၏အရိပ် လွှမ်းမိုးသောချိုင့်ဝှမ်းထဲမှာလမ်းပြခေါ်ဆောင်၍ ထိုလမ်းပေါ်ရောက်သောအခါ မကြောက်ရွံ့ဘဲရှိစေပါ'

အဆုံးမသတ်မီ တခြားတဦးရှိပါသလား? ဘုရားကောင်းချီးပေးပါစေ။ သင်တို့အားလုံးကိုကောင်းချီးပေးပါစေ။ ထိုအချိန်မှာ လူများအတွက်ကြီးမြတ်သောအချိန်ဖြစ်ပါသည်။ ဤနေသောအများစုမှာ အမျိုးသမီးများဖြစ်ပါသည်။ ဒီတခါအမျိုးသားများလက်ထောင်ကြပါသည်။ သေချာပါသည်။ လာသောသူများမှာ ပညာရှိများဖြစ်ကြပါသည်။ ရှာဖွေ၍ အလင်းနောက်လိုက်ကြပါသည်။ ဘုရားသင့်ကိုအလိုရှိပါသည်။

47 ၄၇။ မာရိကလေးနှင့် ယောသပ်တို့မြို့ထဲဝင်သွားကြပါသည်။ထိုနေရာမှာ ယေရှုဖွားမြင်ပါသည်။ ပညာရှိများရောက်သည့် အချိန်မှာ သူတို့ခရီးရှည်ထွက်လာကြချိန်ဖြစ်ပြီးနောက်ဆုံးသူတို့ခရီးဆုံးကိုရောက်ကြပါသည်။ ကြယ်ကလမ်းပြခဲ့ပါသည်။ သင်ခရစ်ယာန်ဖြစ်ရန်အချိန်ကြာမြင့်စွာစောင့်ဆိုင်းခဲ့ရပါသည်။ခရီးရှည်ထွက်ခဲ့ရခြင်းဖြစ်ကောင်းဖြစ်ပါသည်။ ဒီမနက်အတိတ် အထိရောက်ပါပြီ။ သင်၏ကယ်တင်ရှင်အဖြစ်လက်ခံ၍နှလုံးသားထဲမှာပုခက်လွဲနိုင်ပါသည်။ ပလ္လင်ရှေ့လာရန် ဖိတ်ခေါ်ခြင်း အဆုံးမသတ်မီတဦးကျန်ပါသလား? ကိုယ်တော်ကောင်းကြီးပေးပါစေ။သိပ်ကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

48 ၄၈။ ဘယ်နှစ်ဦးဒီထဲမှာပြောနိုင်ပါသလဲ 'ကိုယ်တော်ရှင် ကျမ်းစာမှာဆိုထားတဲ့အတိုင်းမကျဆုံးနိုင်သော ဒီပုံပြင်ထဲမှာ ကိုယ်တော်ကိုတင်လှူပူဇော်မှုကိုကြည့်နေရာမှာ ကိုယ်စားပြု၍ ကိုယ်တော့်အသက်တာကိုဖော်ပြလိုပါသည်။ ကျွန်ုပ်တို့ အပြစ်များကြောင့်ကိုယ်တော်ဒဏ်ရာရခဲ့ပြီးဒဏ်ချက်တော်များအားဖြင့် ကျွန်ုပ်တို့အနာရောဂါငြိမ်းလျက်ရှိပါသည်။ကိုယ် တော်ပြင်းထန်စွာ အရိုက်ခံခဲ့ရပါသည်။ ကိုယ်တော်၏ဒဏ်ချက်တော်များက ကျွန်ုပ်တို့ကိုအနာရောဂါငြိမ်းစေပါသည်။ယနေ့ ကိုယ်တော်၏အနာရောဂါငြိမ်းခြင်း ကျွန်တော်တို့လိုပါသည် ကိုယ်တော် သံသယများအားလုံးကိုကျွန်ုပ်၏အသက်တာမှာ ကိုယ်တော်ယူဆောင်သွားပါ။ ကျွန်ုပ်ထံမှ ယူဆောင်ပါကိုယ်တော်။ ကျွန်တော်ဘယ်တော့မှသံသယမဝင်တော့ပါ။ ကိုယ် တော်ထံနှိမ့်ချစွာဝင်ခွင့်ပြုတော်မူပါကိုယ်တော်။ ယခုပင်လျှင်ကျွန်တော်အနာရောဂါငြိမ်းစေရန်အတွက်ကိုယ်တော်ကိုယုံကြည်ပါသည်သင့်လက်ကိုမြှောက်၍နေပါအနာရောဂါဖြစ်သူများ သင့်ဆုတောင်းသံကို ကိုယ်တော်ချပေးပါသည်။ချစ်မိတ်ဆွေ' ကိုယ်တော်ကို သင်သံသယရှိနိုင်ပါသလား? တကယ်မရှိပါ။ ယနေ့ကိုယ်တော်က အီစမာဘေးကဲ့သို့ရပ်နေပါသည်...(သို့) ခရစ်စမတ်ကလေး ဘုရားသားတော်ကဲ့သို့ အားလုံးပြည့်စုံသူကဲ့သို့ရှိနေပါသည်။သူကလိုသမျှအတွက် လုပ်ဆောင်ပေးပါ သည်။ သင်လိုအပ်သလျှကိုသူပံ့ပိုးပေးနေပါသည်။ ကိုယ်တော်ကိုသာလက်ခံပါ။သမ္မာကျမ်းစာထဲမှာ ကျွန်တော်တို့ဘာလုပ် ရမည်ဟုပြောထားပါသလဲ? 'ဖျားနာသူများအပေါ်မှာ လက်ကိုတင်၍ သူတို့ကျန်းမာလာပါသည်'

49 ၄၉။ ကောင်းကင်ဘုံရှင်အဖ ကြယ်အကြောင်းသတင်းစကားကြားနာရန်အတွက်ယနေ့မနက်စေလွှတ်ခြင်းခံရသော ဤအုပ်စုကလေးစေလွှတ်သည်ကို ကိုယ်တော်ထံ ကျွန်ုပ်ဆောင်ယူခဲ့ပါသည်။ဘဝမျိုးစုံနှင့်အသက်ရှင်သူများအတွက် ကိုယ်တော်မည်သို့လုပ်ဆောင်ခဲ့သည်ကိုတွေ့ရပါသည်။အရက်သမား သိပ္ပံပညာရှင် အိမ်ရှင်မ အမှုတော်ဆောင် အသင်း သားများနှင့် ကိုယ်တော်လုပ်ဆောင်ပါသည်။ကိုယ်တော်က ဘုရားဖြစ်ပါသည်။ ကိုယ်တော်ရှင်ကြီးမြတ်လွန်းသဖြင့် ဘယ် သူမှကိုယ်တော်ထံမှထွက်မပြေးနိုင်ပါ။ စိတ်နှလုံးထဲမှာ ရိုးသားပါက သူတို့ကိုဂရုဏာပြတော်မူပါ။ နိုင်ငံတကာနှင့်ယုံကြည် ချက်အမျိုးမျိုးရှိသူများကိုဂရုဏာပြတော်မူပါ။

ကိုယ်တော်ကိုကျေးဇူးတင်ပါတယ်။ ဒီမနက်လက်ထောင်ကြသူများအတွက်ဖြစ်ပါသည် - ကျွန်တော်နှစ်ဆယ်(သို့)သုံးဆယ်လောက်ရှိမည်ဟုခန့်မှန်းမိပါသည်။ ကျွန်တော်ဆုတောင်းပါတယ် ဘုရား၊ ဒီအချိန်မှာဘဲ ယခုပင်လျှင်သူတို့စိတ်နှလုံးထဲ သို့ ကြီးမြတ်သောမပျက်စီးနိုင်သော အလင်းဝင်ရောက်လာစေပါ။ သူတို့ငြိမ်သက်ခြင်းရရှိပြီးတောင့်တရှာဖွေခဲ့ရကြိုးနပ်ပါစေ။ အသင်းတော်များကိုပါဝင်ခြင်းနှင့်အစဉ်အလာများအတိုင်းသွားရပါမည်။ သူတို့အပေါ် သန့်ရှင်းသောဝိညာဉ်တော်အလင်း သက်ရောက်စေပါ။

ဟေရှာယမိန့်တော်မူသည်။ 'ဤသူများ အလွန်မှောင်မိုက်ထဲမှာထိုင်နေသော်လည်း သူတို့အပေါ်သို့ကြီးမားသောအလင်းသက်ရောက်ပါသည်။ မစတော်မူပါကိုယ်တော် ကိုယ်ကိုစိတ်နှလုံးထဲမှာမြော်လင့်စောင့်စားနေသူများ၏နှလုံးသားများကိုပရောဖက်ပြုချက်နှင့်ပြည့်စုံစေတော်မူပါ။ အားလုံးထက်သာသော ငြိမ်သက်ခြင်းကိုပေး၍ လုံးဝပြည့်စုံသောကြေနပ်မှုကိုသူတို့အားပေးသနားတော်မူပါ။ ကိုယ်တော်နှင့်တွေ့ဆုံသူ စကားပြောသူ မိမိဘဝကိုဆက်ကပ်သူ စိတ်နှလုံးကြေကွဲဝမ်းနည်းသူများအားလုံးကို ကိုယ်တော်၏ရွှေ လောဘန်နှင့်မုရန်တို့ပေး၍ အနာရောဂါငြိမ်းစေတော်မူပါ။ဘုန်းတော်ထင်ရှားစေရန် ဂုဏ်ပြုထိုက်သော တန်ဆာပလာများဖြစ်စေတော်မူပါ။ မစတော်မူပါ။ ကိုယ်တော်'

50 ၅၀။ ဖျားနာသူများအတွက် ကိုယ်တော် ကျွန်ုပ်တို့အားပေးသောအမိန့်တော်ရှိပြီးကျွန်တော်တို့လက်တင်ဆုတောင်းရ ပါမည်။ ကိုယ်တော်မိန့်တော်မူပါသည်။ (ကိုယ်တော်၏နှုတ်တော်မှနောက်ဆုံးတန်ဖိုးရှိသောစကားများဖြစ်ပါသည်) 'သွား

၍ကမ႓ာကြီးကိုဧဝံဂေလိတရားဟောပါ။ ယုံကြည်သူများအတွက် ဖြစ်အံ့သောနိမိတ်လက္ခဏာများမှာ ဖျားနာသူများအပေါ်လက်တင်ဆုတောင်းသောအခါ သူတို့အနာရောဂါငြိမ်းလိမ့်မည်'

ယခု ချစ်စရာမိန်းကလေးငယ် ဒီမှာလဲလျောင်းနေပြီးဖလော်ရီဒါမှ လေယာဉ်နှင့်ပျံသန်းရောက်ရှိလာ၍သူမ၏အခြေအနေမှာ လည်းဆိုးဝါးလျက်ရှိပါသည်။ အမှုတော်ဆောင်များစွာတို့က ဆုတောင်းပေးလျက်ရှိပါသည်။ဆရာဝန်များစွာတို့ကလည်း ကြည့်ပြီးခေါင်းခါကြသည်။ 'ဘာမှလုပ်လို့မရတော့ပါ' ဟုဆိုကြသည်။ သို့သော်ထိုစကားကို မိခင်ငယ်ကလေးနှင့်ပတ်သက် သူများအားလုံးက လက်မခံသည့်အတွက်ကျွန်တော်ဝမ်းသာပါသည်။ သူတို့ကကျောက်တုံးများကို လှိမ့်လိုက်သည်ကိုမြင် တွေ့ရန်ဆုံးဖြတ်ထားကြပါသည်။ အသက်ရှင်တော်မူသောဘုရားသခင်အလိုတော်ရှိပါက ကလေးငယ်များ ကျန်းမာပြီး အသက်ပြန်ရှင်ပါမည်။မစတော်မူပါကိုယ်တော်။ ဒီမှာထိုင်နေသူများနှင့်အတူရှိတော်မူပါ။

51 ၅၁။ ဒီမနက် ဒီမှာများစွာသောသူများထိုင်နေကြပါသည်။ပညာရှိကြီးများကဲ့သို့ထ၍ သက်သေခံနိုင်ပါသည်။ 'ရှေ့မှာ သူ၏ကြယ်ကိုငါတို့တွေ့ပြီ' များစွာကထ၍ပြောပြနိုင်ပါသည်။ 'သူ၏ကောင်းမြတ်ခြင်းကို ငါတို့မြည်းစမ်း၍ သူ၏အနာရောဂါငြိမ်းခြင်းတန်ခိုးကိုငါတို့ခံစားရပါပြီ' သူတို့ခန္ဓာကိုယ်များမှ ကင်ဆာ မျက်စိကွယ်ခြင်းခြေတက်စေခြင်းနှင့်ရောဂါမျိုးစုံကို ပေးပျောက်စေခဲ့ပါပြီ။ ကိုယ်တော်ကိုချီးမွမ်း၍ ကျွန်တော်တို့အော်ဟစ်ကြပါသည်။အသံကိုအကုန်လွှင့်၍ လူမျိုးတကာတို့ ဟစ်အော်ကြပါသည် ကိုယ်တော်။

ဒီမနက် ယခုအခါမှာ ကိုယ်တော်၏သားသမီးများ ကိုယ်တော်၏ကောင်းချီးများကိုခံစားကြရပါစေ။ယခုဒီမှာရှိသောသားသမီး များအပေါ်အမှုတော်ဆောင်များ၏တာဝန်အရ လက်တင်ဆုတောင်းပေးသောအခါမစတော်မူပါကိုယ်တော်။ သားတော် ယေရှုခရစ်၏နာမဖြင့် အနာရောဂါငြိမ်းစေတော်မူပါ။ 'ငါ့ခမည်းတော်ကိုငါ၏နာမဖြင့် ဆုတောင်းလျှင် ငါပြုတော်မူမည်' ဟု သားတော်ယေရှုမိန့်တော်မူပါသည်။ ငါတို့ဘယ်လိုသံသယဖြစ်နိုင်ပါမည်နည်း? ဒံယေလ၏ပရောဖက်ပြုချက်အရပြည့်စုံ ရပါမည်။ ဘုရားအသက်ရှင်သည်မှာ မှန်ကန်သကဲ့သို့ စကားလုံးတိုင်းပြည့်စုံရပါမည်။ကိုယ်တော်၏ဘုန်းတော်ထွင်ရှားစေ ဖို့ဆုတောင်းပါသည်။ အာမင်။

52 ၅၂။ ကျွန်တော်အနိမ့်ချဆုံးနှင့် အရိုးသားဆုံးစိတ်နှလုံးပါလျက်ဆုတောင်းပါတယ်။ယောကျ်ားမိန်းမအားလုံးလက်ကို ထောင်၍ ကိုယ်တော်ကိုကယ်တင်ရှင်အဖြစ်လက်ခံပါက... လူများကိုပလ္လင်ရှေ့လာရန်ဖိတ်ခေါ်ခြင်းမှာ ခလေ့တခုဖြစ်နေပါပြီ။ ကိစ္စမရှိပါ။ ပလ္လင်ရှေ့လာသောအခါ တခုတည်းသာလုပ်နိုင်ပါသည်။ ကိုယ်တော်ကယ်တင်သောကြောင့်သင်ကကျေးဇူးတင်ကြောင်းပြောပါ။ သင်ပြောသောအချိန်မှာ လက်ကိုထောင်၍ သင်၏သက်သေခံချက်ကိုဘုရားသခင်ကလက်ခံပါသည်။သင့်က ကမ႓ာ့ဆွဲအားကို ဆန့်ကျင်သကဲ့သို့ ထိုကြယ်ကလည်းနေပတ်လမ်းကြောင်းကိုဆန့်ကျင်၍သွားရပါသည်။

နေလမ်းကြောင်းမှာ သူ၏လမ်းအတိုင်းလည်ပတ်ပါသည်။ ထိုနည်းအတိုင်းလှုပ်ရှားရပါသည်။ သို့သော်ဤကြယ်ကသွေဖယ် သွားပါသည်။ အားလုံးကိုကျော်ဖြတ်သွားပါသည်။ အကြောင်းမှာ ဘုရားရှင်ကလမ်းပြနေသောကြောင့်ဖြစ်ပါသည်။

53 ၅၃။ ယနေ့ ပုံမှန်လမ်းကြောင်းအရ သင်တို့သေရမည်ဟုဆိုပါသည်။ဆရာဝန်က သူတတ်နိုင်သမျှအားလုံးကိုပြုလုပ်ခဲ့ ပါသည်။ မှန်ပါသည်။ သို့သော် အသက်ရှင်တော်မူသောဘုရားသခင်၏ဝိညာဉ်ကပြောပါသည်။ 'ငါ သင်တို့ကိုခေါ်ဆောင် သွားမည်' တစက္ကန့်အတွင်းမဖြစ်ရပါ။ သူတို့ခံစားရပါသည်။မတွေ့မြင်ရသော ကိုယ်တော်ကို တွေ့မြင်ရပါသည်။ အာဗြဟံ ကိုကတိပေးတော်မူပါသည်။ မဖြစ်ပျက်မှီနှစ်ဆယ့်ငါးကပင်စောင့်စားခဲ့ပါသည်။ သို့သော် သူကသတိသွားပါသည်။ ကတိ တော်ကိုဆန့်ကျင်၍သူကခေါ်ပြီး မဟုတ်သကဲ့သို့ဖြစ်နေပါသည်။ ဒီခရစ်စမတ်ညနေခင်းမှာ ကျွန်တော်ဒီမှာရပ်မနေပါ။ကျွန်တော်ဘာပြောနေမှန်းမသိဘဲနှင့် ဤလူစုကလေးကိုမပြောပါ။

54 ၅၄။ မနေ့က ... မိန်းမကြီးတဦးရောက်လာပါသည်။ သူမအမည်မှာ မစ္စရိုက်ဖြစ်သည်။ နယူးအဲလ်ဘာနီကမစ္စရိုက်ဒီမှာ ရှိပါသလား? ခင်ဗျားတို့အများစုကသူ့ကိုသိမှာပါ။ သူမက (ကျွန်တော်ယုံပါသည်) နယူးအဲလ်ဘာနီမှာ လူသိများပါသည်။ နောက်ဆုံးလုပ်ခဲ့သောအနာရောဂါငြိမ်းခြင်းစည်းဝေးက ... ကျွန်တော်မသိပါ။ ကျွန်တော်ကပိုင်းခြားနိုင်သော အခွင့်အောက် မှာရှိပါသည်။ (တိပ်သားပေါ်မှာ ကွက်လပ်ဖြစ်သည်)

နောက် တနင်္ဂနွေညမှာ ကိုယ်တော်အလိုတော်ရှိပါက ပိုင်းခြားနားလည်နိုင်ဖို့ကြိုးစားပါသည်။တနင်္ဂနွေမနက်မှာမရနိုင်ပါ။ အကြောင်းမှာ ပြီးခဲ့သော တနင်္ဂနွေမနက်က ဘာဖြစ်ပါသလဲ? လူတွေတန်းစီရန်အချိန်မှာရောက်မလာပါ။ ပုဂံဆေးနေရ သည်စသည်ဖြင့် အချိန်မမှီကြပါ။ တနင်္ဂနွေညမှာ ... နောက်တနင်္ဂနွေညမှာ ကိုယ်တော်အလိုရှိပါက ကြိုးစားကြည့်ပါမည်။ပိုင်းခြားနားလည်ခွင့်ရှိနေစဉ်မှာ တခုသာပြောလိုပါသည်။ မစ္စရိုက်အကြောင်းပြောပြီးပြောပါမည်။

55 ၅၅။ သူမဒီကိုမလာနိုင်ပါ။ နယူးအဲလ်ဘာနီ၏ဆရာဝန်များဖြစ်ပါသည်...သူတို့အမည်များ ကျွန်တော်ခေါ်နိုင်ပါသည်။ သို့သော်အခေါ်သင့်ပါ။ အကြောင်းမှာ ကြိမ်ဖန်များစွာ သူတို့က ထိုသို့မလုပ်စေလိုပါ။ လူတိုင်းနှင့်ကျွန်တော်တို့ငြိမ်းချမ်း စွာနေလိုပါသည်။ ဖြစ်နိုင်လျှင် အကောင်းဆုံးပါ။ ကျွန်တော်တို့ဆရာဝန်များကိုကျွန်တော်တို့ချစ်ပါသည်။ ဒီမနက်ဒီမှာထိုင် နေသော ဆရာဝန်များဖြစ်ပါသည်။ ကျွန်တော်မှာဆရာဝန်မိတ်ဆွေများရှိပါသည်။ လူကောင်းများပါ။ ဘုရားကိုယုံကြည်စိတ် ချသော ခရစ်ယာန်များဖြစ်ပါသည်။သူတို့မှာ အနာရောဂါငြိမ်းစေသူများမဟုတ်ပါ။ သာမာန်လူများသာဖြစ်ပါသည်။ ရုပ်ပိုင်း ဆိုင်ရာလုပ်ပေးနိုင်သည့်အရာကိုသာ သူတို့လုပ်ပေးနိုင်ပါသည်။ သဘာဝကို ဘာအထောက်အကူပြုပါသည်။ သူတို့မလုပ်....သူတို့အရိုးဆက်သည်။ ခွဲစိတ်ဖြတ်တောက်ဖယ်ရှားသည်။စသည်တို့ကဲ့သို့ဖြစ်ပါသည်။ သို့သော် ဘုရားကဆဲလ်များဖန် ဆင်းရပါသည်။ ဘုရားသခင်သည်သာတဦးတည်းသောအနာငြိမ်းစေသူဖြစ်သည်။

တစ်သျှူးများတည်ဆောက်ပေးသည်။ ဘယ်ဆေးကမှမလုပ်နိုင်ပါ။

ဒီအမျိုးသမီးကြီးမှာ နှလုံးထဲမှာသွေးခဲပိတ်နေပါသည်။ သူမမှာ အသက်ခြောက် ဘယ်ထဲမှာရှိနေပါပြီ။သူမမှာ ယောင်ကိုင်း နေသဖြင့်သာမာန်ထက်ပိုပြီးကြီးနေပါသည်။ သူတို့ဖုန်းခေါ်သည်။ ဇနီးသည်ကကျွန်တော်ကိုဖုန်းပေးကိုင်၍ ပြောသည်။ ‘ဘီလီ နယူးအဲလ်သာနီက မိန်းမရှင့်ကိုစကားပြောချင်ပါတယ်’

56 ၅၆။ ကျွန်တော်ပြောသည် ‘ညီမ ဒီမနက်လာပါ။တဲတော်မှာ ကျွန်တော်တို့အနာရောဂါငြိမ်းခြင်းစည်းဝေးရှိပါတယ်’

‘အကိုကြီး ကျမခေါ်လာချင်ပါတယ်။ ဒါပေမယ့် သူမလုံးဝမလှုပ်နိုင်ပါဘူး’ဟု သူမပြန်ဖြေပါသည်။ ‘သေလုမျောပါးဖြစ်နေ ပါတယ် မြော်လင့်ချက်မရှိတော့ပါဘူး ဆရာဆုတောင်းပေးလို့ကြီးမားတဲ့အရာတွေဖြစ်လာတာ ကျမတို့ကြားခဲ့ရပါတယ်၊ သူမအတွက် ဆုတောင်းမပေးနိုင်ဘူးလား?မလာနိုင်ဘူးလား?’

‘ကျွန်တော် မလာနိုင်ဘူး။ ဒါပေမယ့် သူမနားနားမှာ ဖုန်းကိုထားပြီးဆုတောင်းခံပေးနိုင်မလား?’

‘သူမ အိမ်ရာကိုရွှေ့ပေးနိုင်ပါတယ်’ သူမဟာ အိမ်ရာကိုရွှေ့ပေးပါတယ်။ ဖုန်းကိုင်နိုင်သော်လည်းစကားပင်မပြောနိုင်တော့ ပါ။

‘ယုံကြည်တယ်ဆိုရင်’ ယုံကြည်ခြင်းက မြော်လင့်သောအရာများကိုပေးနိုင်ပါတယ်။သင်စဉ်းစားနေခြင်းမဟုတ်ပါ။ သင်တ ကယ်ဘဲ သိပါကယုံကြည်ခြင်းသည် ....

57 ၅၇။ တနေ့က တနင်္ဂနွေမှာ ကျွန်တော်ပြောပါသည်။ ‘ကျွန်တော် သေလုမျောပါးဖြစ်နေချိန်မှာ အစာငတ်သဖြင့် ... ပေါင် မုန့်လေးတကိုက်က ကျွန်တော်အသက်ကိုကယ်နိုင်ပါသည်။ သင်ကကျွန်တော်ကို နှစ်ဆယ့်ငါးဆင့်ပေးပါက ပေါင်မုန့်ရသ ကဲ့သို့ပင် ကျွန်တော်ဝမ်းသာနိုင်ပါသည်။အကြောင်းမှာ ပေါင်မုန့်များစွာရှိသောကြောင့်ဖြစ်သည်’

အနာရောဂါငြိမ်းစေရန် တန်ခိုးများစွာရှိပါသည်။ ‘သင်ယုံကြည်နိုင်ပါက’ နှစ်ဆယ့်ငါးဆင့်သာရှိပါသည်။ကျွန်တော်ဝမ်း မြောက်နိုင်ပါသည်။ အကြောင်းမှာ ပေါင်မုန့်မျာ ကျွန်တော်ဆယ်မိုင်ခန့်ဝေးကောင်းဝေးနေပါမည်။သို့သော် ကျွန်တော့်မှာ နှစ်ဆယ့်ငါးဆင့်ရှိပါက ယုံကြည်ခြင်းများမြော်လင့်သောအရာအတွက်ဖြစ်ပါသည်။ပေါင်မုန့်စားရသကဲ့သို့ပင် ကျွန်တော်မှာ နှစ်ဆယ့်ငါးဆင့်နှင့်ပျော်နေပါသည်။ သို့သော်အဝေးကြီးသွားရပါအုန်းမည်။ချောင်းကိုဖြတ်သွားရမည်။ ပတ်ကြားအက်မြေ ပြင်များကိုဆင်းသွားရသည်။ တောင်ကုန်းပေါ်တက်သွားရပါမည်။တချိန်လုံး သာနေပါမည်။ အလွန်ဆာလောင်မွတ်သိပ် ပါမည်။ သို့သော် တချိန်လုံးပျော်နေပါမည်။အကြောင်းမှာ ငွေနှစ်ဆယ့်ငါးဆင့်ကိုင်ထားရသောကြောင့်ဖြစ်ပါသည်။ ပေါင် မုန့်လေးတတုန်းဝယ်ရပါတော့မည်။ ဘယ်လိုအခြေအနေမျိုးဘဲဖြစ်ပါစေရပါသည်။

နှစ်ဆယ့်ငါးနှစ်လုံးလုံး အာဗြံဟံပျော်ရွှင်နေပါသည်။ ဘုရားကတိတော်အတိုင်းပြုလုပ်မည်ကိုယုံကြည်သောကြောင့်ဖြစ်ပါ သည်။ သူတောင်းသောအရာကိုလည်းရပါသည်။

58 ၅၈။ ချစ်သောညီမ။ ဘယ်လိုအခြေအနေမျိုးဘဲဖြစ်နေပါစေထိုနှစ်ဆယ့်ငါးဆင့်ကိုယူပါ။ ယုံကြည်ခြင်းဖြစ်သည်။ လက် ထဲမှာ ဆုတ်ကိုင်ထားပါ။ စိတ်နှလုံးထဲမှာထားပါ။ ‘ဘာပဲဖြစ်ဖြစ်’ ဟုပြောပါ ... သင်ယခုယုံကြည်အောင်လုပ်လို့မရပါ။ တ ကယ်ယုံကြည်ရပါမည်။ ‘ငါကလေးအသက်ရှင်မည်။အကြောင်းမှာ ငါ့နှလုံးသားထဲမှာ ... ဘုရားကတိတော်ရှိပါသည်။ထိုသို့ ယုံကြည်ရန်ငါ့မှာ ယုံကြည်ခြင်းရှိပါသည်’ အရာခပ်သိမ်းမှာ မဖြစ်နိုင်ဖြစ်နေပါသည်။ဘုရားက လှုပ်ရှား၍ ထိုအထဲသို့ရောက် လာပါသည်။

59 ၅၉။ ထိုမိန်းမက မနေ့က ကျွန်တော်ကိုခေါ်ပါသည်။သူတို့ထဲမှာ အချို့ကဖုန်းထူးပါသည်။ သူမကမကိုင်ပါ။ ကျွန်တော့် ဇနီးဖုန်းဆီရောက်သွားသည်။သူမ မကိုင်ပါ။ ကျွန်တော့်ဇနီးဖုန်းဆီရောက်သွားသည်။ သူမ မကိုင်ပါ။ ကျွန်တော့်ကို သူမစကားပြောလိုပါသည်။ ‘ဘရာသာဗရမ်ဟမ် ရှင့်နာမည်ကိုကျမချီးမွမ်းနေပါတယ်’

‘ငါ့နာမည်။ အဲဒါဘာလုပ်တာလဲ?’

‘ရှင်ကျမကို ဖြစ်နိုင်မည်ဆိုရင်’

‘ဘုရားကိုချီးမွမ်းပါ။ ဘုရားကအမှုပြုတဲ့ဘုရားပါ’

‘ဆရာဝန်တွေ အဲဒီသွေးခဲအစအနကိုတောင်မတွေ့ကြရတော့ဘူး လုံးဝပျောက်ကွယ်သွားပြီ။ကျမပုံမှန်ပါဘဲ။ ကျန်းမာရေး ကောင်းပြီးလမ်းလျှောက်နေတယ်။ နှစ်ပေါင်းများစွာမှာ အကောင်းဆုံးကျန်းမာနေပါတယ်။သူမနာမည်က မစ္စရိုက်ပါ။ သူမ.. သူမပထမနာမည်ကိုပြောပြပါတယ်။ နယူးအဲလ်ဘာနီ တနေရာရာမှာပါဘဲ။အခုတော့ ကျွန်တော်မသိတော့ပါဘူး’

60 ၆၀။ ပိုင်းခြားနားလည်မှုအောက်မှာ ပြီးခဲ့သောတနင်္ဂနွေနေ့ကကျွန်တော်ပြောပါသည်။ ဒီမှာရပ်နေပြီးပြောပါတယ် ‘တဲတော်က လူတွေတယာက်မှမလိုချင်ဘူး။တဲတော်က မဟုတ်တဲ့လူတွေကိုလဲလိုချင်နေတယ်။ သန့်ရှင်းသောဝိညာဉ် တော်ပြောပါစေ’ သို့သော်ဟိုနောက်ဖက်မှာ တဖက်မဟုတ်တဖက်မှာ ဟစ်ကာဆင်ဆိုတဲ့ လူကလေးတယောက်ရှိနေပါ တယ်။ ဘရာသာ ဟစ်ကာဆင်ကိုကျွန်တော်တို့အားလုံးသိပါတယ်။ ဘုရားကျေးဇူးတော်ရဲ့ တကယ်စစ်မှန်တဲ့ဆုဖလားဘဲ ဖြစ်ပါတယ်။လူအချို့အောက်မှာ သူကကုန်းနေပါတယ်။ သူ့ကိုကျွန်တော်မသိပါဘူး။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကဘိသိက်ပေးပါတယ်။ လူအချို့ရဲ့လက်မောင်းတွေကြားကကြည့်နေပါတယ်။ အနောက်မှာထိုင်နေပါတယ်။သူဘယ်သူ ဘယ်ဝါဆိုတာ ကျွန်တော်မသိပါ။

ကျွန်တော်က ပြောပါသည်။ ‘လူကလေးတယောက် သူများလက်ကြားထဲကနေ ကျွန်တော့်ကိုကြည့်နေတယ်။သူချစ်ခင်ရသူတဦးအတွက်ဆုတောင်းပေးနေပါတယ်။ ညီအစ်ကို ဒါမှမဟုတ် ယောက်ဖအတွက်ပါ။ စိတ်ရောဂါဆေးရုံရောက်နေပါတယ်။ လုံးဝစိတ်ဖေါက်ပြန်သွားပြီး မြော်လင့်ချက်မရှိတော့ပါ။ ပြန်ကောင်းတော့မှာမဟုတ်ပါ။’ ‘ကိုယ်တော်ရှင်မိန့်တော်မူ ပါတယ် သူပြန်ကောင်းလာမှာပါ’ လို့ဆိုပါတယ်။ ထိုလူကလေးကယုံကြည်ပါတယ်။ နောက်ပိုင်းရက်တွေမှာလဲ ကျွန်တော် အဲဒီအကြောင်းကိုမသိတော့ပါ။

မနေ့က သို့ တင်တာကီဆေးရုံကပြန်လွှတ်လိုက်ပါတယ်။ လုံးဝ ပုံမှန်နေကောင်းသွားသူတဦးဖြစ်နေပါပြီ။နောက်ထပ်မက် သဒစ်တရားဟောဆရာကလေး ဘရာသာကောလင်းကတော့ ဘုရားကျေးဇူးတော်ရဲ့ဆုဖလားတလုံပါဘဲ။ဒီမနက်သူဒီမှာ ရှိကောင်းရှိမှာပါ။ သူတို့နှစ်ဦးစလုံး၊ အားလုံးဒီမှာရှိမှာပါ။ မနေ့ညကဂျော်ဂျီယာကဘရာသာပါးလ်မားနဲ့အတူ ကျွန်တော် အိမ်ကိုလာပါတယ်။ ဒီလူငယ် လူဝစ်ဗီလ်းပြန်တဲ့လမ်းမှာဆေးရုံကအပြန်သေဆုံးသွားတယ်လို့ဆိုပါတယ်။ သူကယ်တင် ခြင်းရပါတယ်။ သူများဘဝအတွက် သွားပြီးဝန်ချတောင်းပန်ပါတယ်။ဘုရားရဲ့မပျက်စီးနိုင်တဲ့ကျေးဇူးတော်ဆုဖလားပါ။

61 ၆၁။ ကိုယ်တော်ရှင် မနေ့၊ ယနေ့ နှင့်ထာဝရကာလပြောင်းလဲခြင်းမရှိပါ။ရန်သူကသင့်ကိုမလှည့်ဖျားပါစေနှင့်။ မပျက်နိုင်သောလအလင်းတောက်ပနေပါတယ်။ ထိုအလင်းမှာယေရှုခရစ်တော်ဖြစ်ပါတယ်။ ဘုရားသားတော်ဖြစ်တယ်။ ကိုယ်တော် ကိုယုံကြည်ပါ။ နှလုံးသားထဲမှာကျောက်ချထားပါ။ ယုံကြည်ခြင်းအားဖြင့် လက်ခံရယူပါ။ ဆုတောင်းကြပါစို့။ သင့်အပေါ် လက်တင်၍ဆီလူးပြီးဘုရားဘာအမှုပြုမည်ကိုကြည့်ပါသည်။

62 ၆၂။ ဘယ်လိုအခြေအနေမျိုးဘဲဖြစ်ပါစေ။

မာကု ၁၁း၂၄ တွင် ယေရှုမိန့်တော်မူပါသည်။ ‘ငါအမှန်အကန်ဆိုသည်ကား အကြင်သူသည်ယုံမှားသောစိတ်နှင့်ကင်း၍ မိမိဆိုသည်အတိုင်းဖြစ်မည်ဟု ယုံကြည်လျက် ထိုတောင်ကိုနေရာမှရွေ့လော့ပင်လယ်မှာကျလော့ဟုဆိုလျှင် ထိုသူဆို သည်အတိုင်းဖြစ်လိမ့်မည်’ ယခု မူရင်းဂရိကျမ်းစာကိုရည်ညွှန်းပါရစေ။ရေးသားထားသည်မှာ ‘ဒီတောင်ကိုမြောက်၍ ပင်လယ်ထဲကျပါဟုပြောလျှင် သင့်စိတ်ထဲမှာသံသယမဖြစ်ပါနှင့်သို့သော် သင်ကပြောသည်အတိုင်းယုံကြည်၍ ယုံသည် အတိုင်းဖြစ်လိမ့်မည်’

63 ၆၃။ သင်သည် ‘ဤတောင်ကိုရွှေ့လော့’ဟုဆိုပြီး မရွှေ့လျှင်သင်က ‘ကောင်းပြီ ဖြစ်မလာပါ’ အိုဖြစ်လာပါသည်။ သင်က ‘တောင်ကိုရွှေ့ပါ’ ဟုပြောလျှင် သဲမှုန်ကလေးတမှုန်ရွှေ့သွားပါမည်။ တန်ချိန်ဘီလီယံရာပေါင်းများစွာထဲမှလျော့သွားပါမည်။ အစေ့ကလေးတစေ့ လှုပ်ရှားသွားပြီး စတင်နေရာယူပါမည်။ ထိုယုံကြည်ခြင်းကိုဆွဲကိုင်ပါ။ထိုတောင်ပျောက်ကွယ် သွားသည်ကိုကြည့်ပါ။ သေချာပါသည်။

သင့်စိတ်နှလုံးထဲမှာ သင်ဆိုပါသည်။ ‘ရောဂါ ငါ့ ကလေးထံမှရွှေ့သွားပါ။ ရောဂါငါ့ကိုယ်ခန္ဓာထဲမှ ရွှေ့သွားပါ ယေရှုနာမဥ္စ’ ဟုဆိုပြီး သံသယမဖြစ်ပါနှင့်။ ထိုနေရာမှာပင်ကောင်းသောပိုးမျိုးစေ့များက အသစ်သောချပ်ဝတ်တန်ဆာနှင့်အသစ်သော လက်နက်ကိုယူတင်ဝတ်ဆောင်၍ရန်သူများက စတင်ဝန်းရံကြပါသည်။ သူအောင်မြင်မှုရပါသည်။ အကြောင်းမှာ ကရာနီ ကုန်းပေါ်မှာခရစ်တော်က ကိုယ်တော်၏မုရန်ကိုသောက်သုံးပြီး နတ်ဆိုးနှင့်သူ၏တန်ခိုးများအားလုံးကို အနိုင်ရသွားပါသည်။ သူမှာရှိသောအရာအားလုံးအတွက် သူကအရှိက်ခံရပြီး သူကဘာမှမဟုတ်ဘဲ လိမ်ညာခြင်းသာဖြစ်ပါသည်။ထိုအရာနှင့် အတူသွားလိုပါက သူလုပ်ဆောင်သွားပါမည်။

ငါတို့ဆုံးဖြတ်ပြီးသားဖြစ်ပါသည်။ ဘုရားကျေးဇူးတော်ကြောင့် ဧဝံဂေလိတရားကိုဟောကြားပြီးသူကြွလာတော်မူသည့် တိုင် သူ၏အလင်းကိုထင်ဟပ်စေပါသည်။

64 ၆၄။ ယခု ကိုယ်တော်ဤအရာများအားလုံးမှာ ကိုယ်တော်အတွက်ဖြစ်ပါသည်။ဤသူများကို ယခုခေါ်၍ သန့်ရှင်းသော ဝိညာဉ်တော်က ဤတဲတော်လေးထဲလာပါစေ။ နှလုံးသားတိုင်းမှာယုံကြည်ခြင်းဖြစ်စေပါ။ သူတို့ရပ်၍လာပြီးဆုတောင်းခံ စေပါ။ ယနေ့သူတို့ပြန်၍ပညာရှိကြီးများကဲ့သို့ကြယ်ကိုတဖန်မြင်သောအခါမှောင်မိုက်တန်ခိုးထဲမှာပင်သူတို့ဝမ်းမြောက်၍ ကြီးမြတ်စွာပျော်ရွှင်ကြရပါစေ။ ဤသူများကို ဘိသိက်ပေး၍ဆုတောင်းခံစေပါ။ယာကုပ်က ဧဝံဂေလိတရားမှာပြောသကဲ့ သို့ ‘လူကြီးများခေါ်၍ သူတို့ကိုဆီနှင့်လူး၍ ဆုတောင်းခံစေပါ။ယုံကြည်ခြင်းဖြင့်ဆုတောင်းပါက လူနာများကိုကယ်တင်ပါမည်’ လူအများကြီးမားစွာဝမ်းမြောက်၍သူတို့နှလုံးသားများထဲသို့ ဘုရားကိုယုံကြည်ခြင်းဝင်ရောက်လာပါစေ။ သူတို့တောင်းသ မျှကိုရကြပါစေ။ယခု အဖ ကိုယ်တော်ရှင်လုပ်ရမည့်အပိုင်းကို ကိုယ်တော်လုပ်ခဲ့ပြီးဖြစ်ပါသည်။မည်သို့လုပ်ရမည်ကို ကျွန်တော်သိသမျှလုပ်ခဲ့ပြီးဖြစ်ပါသည်။ လက်တင်၍ ဘိတ်သိပ်ပေးခြင်းမှလွှဲ၍လုပ်ခဲ့ပါပြီ။ ဤအရာများမှာ သူတို့နှင့်ဆိုင် ပါသည်။ မဆုံးရှုံးပါစေနှင့်။ ဘုရားသခင်၏မပျက်စီးနိုင်သောနာရီလက်တံကယနေ့မနက်မမှားမယွင်းလုပ်ဆောင်လျက်ရှိ ပါသည်။ ယနေ့မနက်ဖျားနာသူများ ဘိသိက်ပေးခြင်းခံရပါသည်။ယေရှုခရစ်တော်၏နာမဥ္စ ကိုယ်တော်၏နာမဥ္စကျွန်တော် တို့ဆုတောင်းကြပါသည်။ အာမင်။

ယုံကြည်နိုင်ပါက ယုံကြည်နိုင်ပါက

အရာခပ်သိမ်းဖြစ်နိုင်ပါသည် ...

ထိုသီချင်းက ကျွန်တော်အတွက်တခုလုပ်ပေးပါသည်။ ဘာသာစကားပေါင်းရာနှင့်ချီ၍ရှိပါသည်... တပါးအမျိုးသားများနှင့် စိတ်အပြင်းထန်ဆုံးသူများထိုသီချင်းကိုဆိုနေကြောင်း စင်ပေါ်တက်သည့်အခါကြားရပါသည်။

ဤအမျိုးသမီးမှာ စန္ဒရားတီးပြီး ကျွန်တော်သိရသလောက် ဤသီချင်းကို ကျွန်တော်နှင့်မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။လွန်ခဲ့သောဆယ့်တစ်နှစ်ခန့်ကဖြစ်၍ ကျွန်တော်သာသနာမှမထွက်မှီဖြစ်ပါသည်။ ပေါလ်ရာဒါမှာကျွန်တော့်မိတ်ဆွေဖြစ်ပြီး ထိုသီချင်းကိုရေးသားခဲ့ပါသည်။

65 ၆၅။ ယေရှုတောင်ပေါ်မှဆင်းလာသောအခါ ခြေလက်မသန်သောလူကလေးတဦးကိုတွေ့ရပါသည်။တပည့်တော်များ က ဘာမှမလုပ်တတ်ကြပါ။ ‘ကိုယ်တော် ကျွန်တော်ကလေးငယ်အပေါ်မှာ ဂရုဏာသက်တော်မူပါ’

ကိုယ်တော်မိန့်တော်မူပါသည် ‘သင်ယုံကြည်မည်ဆိုပါက ငါအမှုပြုပါမည်။ အရာခပ်သိမ်းဖြစ်နိုင်ပါသည်။ယုံကြည်ခြင်းသာ ရှိပါ’ ပေါလုက သူရေးသားရန်ကျမ်းချက်ရခြင်းဖြစ်သည်။

ယုံကြည်ခြင်းသာရှိပါ ...

သင်၏အနာရောဂါမှအဝေးသို့သာကြည့်ပါ ‘ယုံကြည်ခြင်းသာရှိပါ...’

သင်မလုပ်နိုင်ဘူးလား?

အရာအားလုံးဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်းသာ ...

66 ၆၆။ သတိရပါ။ ကိုယ်တော်ဒီမှာရပ်နေပါတယ်။သူကချစ်စရာကောင်းပါတယ်။ သူကတိပေးခဲ့တယ်။ သူ၏အလင်းများကိုသူရောင်ပြန်ဟပ်စေပါတယ်။ အခြားသူများအနာရောဂါငြိမ်းသည်ကိုကြည့်ပါ။သင်လည်းပျောက်မှာသေချာပါတယ် ‘ကျွန်တော်ကိုကြည့်ပါ’ မျက်မမြင်လည်းမျက်စိပြန်မြင်လာပါသည်။အခြားသူများကိုကြည့်ပါ။ ကိုယ်တော်ရှင်အမှုပြုပေး သည်ကိုကြည်ပါ။ .... ဖြစ်နိုင်ပါသည်။

ယခုပင်လျှင် သင့်မှာနှလုံးသားထဲမှာ ယုံကြည်ခြင်းရှိကြောင်း ဘယ်နှယောက်ယုံကြည်ပါသနည်း။ပြေလည်ပြီဟု ကျွန်တော်ယုံကြည်ပါသည်။ ယခုပင်လျှင် ကိုယ်တော်ကိုလက်ခံနိုင်ကြောင်း ကျွန်တော်ယုံကြည်ပါသည်။ကျွန်တော်နေကောင်းတော့ မည်ဟု ပြောနိုင်ရန် ကျွန်တော်ယုံကြည်ပါသည်။ ဘာဘဲဖြစ်ဖြစ် ဒီဖျားနာခြင်းတောင်ကိုကျွန်တော်ပြောလိုပါသည်။ ‘ပယ်ရှင်းသွားပါ ကျွန်တော်ထံမှထွက်သွားပါ။ ကျွန်တော်ချစ်သောသူများထံမှထွက်သွားပါ။ဘာဘဲဖြစ်ဖြစ်သွားပါ။ ဖြစ်လာ မည်ဟုယုံကြည်ပါသည်’

ဘာဖြစ်သလဲဆိုတာကြည့်ပါ။ ထိုရောဂါများပျောက်ကွယ်သွားပါမည်။ ထွက်သွားပါမည်။ ပထမဆုံးသင်သိရမည်မှာဆရာဝန် က ‘ဒီမှာဘာဖြစ်နေသလဲ?’ မှန်ပါသည် သင်ယုံကြည်နိုင်ပါက ....

67 ၆၇။ ဘရာသာနက်ဖီးလ်လာမှာလား? ဒီဖက်မှာ ထိုင်နေတဲ့သူတွေ ဒီဖက်မှာမတ်တပ်ရပ်ကြပါ။ ဟိုဖက်မှာထိုင်နေသူတွေနောက်ဖက်ကိုသွားပြီး ပြန်ပတ်လာပါ။ အဲဒီလိုဆိုရင် တလိုင်းထဲတန်းစီနေသလိုဖြစ်ပါမယ်။လူကြီးတွေရှေ့ကိုလာပြီး ဆုတောင်းခံမယ့်သူတွေနဲ့အတူရပ်နေပါ။

ယခု ဒီနေရာမှာလဲလျောင်းနေတဲ့ မိန်းကလေးငယ်အတွက် ကျွန်တော်တို့ဆုတောင်းကြပါမယ်။သူမရှိတဲ့နေရာကို ကျွန်တော်တို့လာကြပါမယ်။

68 ၆၈။ ကျွန်တော်လိုသော .... အခြားဆုတောင်းခံမည့်သူများယခုဒီဖက်ကိုလာပါ။ အခုဒီမှာရှိတဲ့လူတွေအားလုံးဆုတောင်းစေလိုပါတယ်။ ခင်ဗျားတို့က ဒါနဲ့လုပ်ရပါမယ်။ ဒီအချိန်မှာတန်းစီရမယ့်သူတွေကို မတ်တပ်ရပ်နေတဲ့ကူညီသူတွေကသင့် ကိုလမ်းပြပါမယ်။

အားလုံးဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်းသာရှိပါ။

သိုးစုငယ်မကြောက်ပါနှင့်။ ကားတိုင်မှစ၍ ပလ္လင်အထိဖြစ်ပါသည်။ သေခြင်းမှအသက်ရှင်ခြင်းသို့ကိုယ်တော်ကသူ့အတွက် သူသွားပါသည်။ မြေကြီးပေါ်မှာရှိသောတန်ခိုးအားလုံးနှင့် အထက်မှာရှိသောတန်ခိုးအားလုံးသူ့အားပေး၍သူ၏မေတ္တာသိုးစုအတွက်ဖြစ်ပါသည်။

ယခုခရစ်စမတ်ကြယ်ကဘာပြောပါသလဲ?

ယုံကြည်ခြင်းသာရှိပါ။ ယုံကြည်ခြင်းသာရှိပါ။

အရာခပ်သိမ်းဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်းသာရှိပါ။

ယုံကြည်ခြင်းသာရှိပါ။ ယုံကြည်ခြင်းသာရှိပါ။

အရာခပ်သိမ်းဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်းသာရှိပါ။

69 ၆၉။ မိတ်ဆွေများ သင်တို့အတွက်များစွာသောသူများကဆုတောင်းပေးနေပါသည်။ အမျိုးသားကောင်းများနှင့်အမျိုးသမီးကောင်းများဖြစ်သည်။ သူတော်စင်များဘုရားတရားကြည်ညိုသောမိန်းမယောကျ်ားများဖြစ်ပါသည်။

ကျွန်တော်ရဲ့ ဘရာသာနက်ဖေးလ်က ကျွန်တော်ဘေးမှာရပ်နေပါသည်။ သူက ဘုရားတရားကြည်ညိုသူအဖြစ်ကျွန်တော်နှစ်ပေါင်းများစွာသိခဲ့သူဖြစ်ပါသည်။ မြို့ထဲမှလာကြပါသည်။ သူတို့ကဖုန်းခေါ်ကြပါသည်။ ‘ခင်ဗျားတို့ရဲ့သင်းအုပ်ဆရာ ဘယ်သူလဲ?

သူ့လိပ်စာပေးပါ။ သူ့ဆီကိုငါစာရေးလိုပါတယ်။ သူကတကယ်ရိုးသားတဲ့သူပါ။ ကျွန်တော်ပြောနိုင်သလိုအရမ်းဝမ်းသာပါတယ် ကျွန်တော်သိသမျှထဲမှာ ဘုရားတရားကြည်ညိုဆုံးသောသူပါဘဲ ' သူဟောမယ့်အတိုင်းအသက်ရှင်နေထိုင်သူဖြစ်ပါတယ်။ သူ့လက်ထဲမှာ ဘိသိက်ဆီရှိနေပါတယ်။

ဘုရားသခင်ရဲ့လက်ထဲမှာ တန်ခိုးရှိပါတယ်။

သင့်စိတ်နှလုံးထဲမှာ ယုံကြည်ခြင်းရှိပါသလား ? ရှိပါကဖြစ်ကိုဖြစ်ရပါမယ်။ ဒီအပြင်ဖက်မှာ တရားဟောဆရာတွေရှိပါတယ်။ ဘုရားတရားကြည်ညိုသူတွေရှိပြီး သင့်အတွက်ဆုတောင်းပေးမှာဖြစ်ပါတယ်။ ယခုပင် တစုံတခုဖြစ်လာရပါမည်။

70 ၇၀။ တစုံတရာက သင့်ကိုအဝေးကြီးရောက်အောင်ခေါ်လာပါသည်။ကြယ်ဖြစ်သည်။ မိုးသောက်ကြယ်ဖြစ်သည်။ မပျက်စီးတတ်သောထာဝရအလင်းကိုသင်ရရှိပါပြီ။ သင်ကဲ့သို့ကျွန်ုပ်လည်း ဤလမ်းကိုလိုက်ပါသည်။ ဗတ္တိဇံပေးခြင်း(သို့)တခုမဟုတ်တခုဘဲဖြစ်ပါသည်။ 'ဖျားနာသူများကို ဆီလူး၍ဆုတောင်းပေးပါ။ ယုံကြည်ခြင်းဆုတောင်းချက်က ဖျားနာသူများကိုကယ်တင်ပါသည် '

ယေရှုမိန့်တော်မူပါသည်။ (သူ၏အသင်းတော်အတွက် နောက်ဆုံးစကားလုံးများဖြစ်ပါသည်) 'ယုံကြည်သူများအတွက် နိမိတ်လက္ခဏာဖြစ်လာပြီး လက်တင်၍ဆုတောင်းပေးပါက အနာရောဂါငြိမ်းခြင်းရရှိပါမည် ' တနည်းအားဖြင့်ဆိုသော် သင်နားလည်သလိုပြန်ရှင်းပြနိုင်ပါသည်။ 'ဧဝံဂေလိတရားကို ဘယ်နေရာမှာဘဲဖြစ်ဖြစ်ဤကမ႓ာပေါ်မှာ ဟောပြောသောအခါ ငါ၏အစေခံကျွန်များက ဖျားနာသူများအပေါ်မှာ လက်တင်ဆုတောင်းပေးလျှင်သူတို့ကျန်းမာကြပါသည် '

တခုတည်းကိုသာ တရားစီရင်ရန်ကျန်ပါသည်။ ထိုအရာမှာ မယုံကြည်ခြင်းပင်ဖြစ်ပါသည် ...ညီအစ်ကိုတဦးနှင့် ကျွန်တော်က ဧဝံဂေလိဟောရန်ပင်မသင့်တော်ပါကမဖြစ်နိုင်ပါ။ ကိုယ်တော်၏ကျေးဇူးတော်ကြောင့်သာဖြစ်ပါသည်။ ဘာလဲဖြစ်ဖြစ် ကိုယ်တော်၏နှုတ်ကပတ်တော်ဘဲဖြစ်ပါသည်။ ကိုယ်တော်က ကျွန်ုပ်တို့ကိုကပ်နေစရာမလိုပါ။ သူ၏နှုတ်ကပတ်တော်အားဖြင့်သာရှိပါမည် 'သင်မယုံကြည်နိုင်ပါက '

71 ၇၁။ ဤသူများအတွက် ပရိသတ်ထဲက ဘယ်နှစ်ဦးသွား၍ဆုတောင်းပေးပါသနည်း ? လက်ထောင်ပြပါ။ အပြင်ဖက်သို့ကြည့်စေလိုပါသည်။ ဆုတောင်းချက်များ သင့်အတွက်ကောင်းကင်သို့တက်သွားပါမည်။ ဘရာသာက ဘိသိက်ပေးနေစဉ်အခါမှာ ခေါင်းငုံ့လျက်အားလုံးဆုတောင်းကြပါ။

72 ၇၂။ တစ်မိနစ်သာဖြစ်ပါသည်။ ဒီမှာရှိနေသူများအတွက်ပရိသတ်များအားလုံးပါဝင်ဆုတောင်းပေးကြပါမယ်။

ဂရုဏာတော်ရှင်ကိုယ်တော် ယခု ကိုယ်တော်၏အစေခံကျွန်များအဖြစ် အမှုတော်ဆောင်များအမှုကိုပြုရန်ကျွန်တော်တို့ ရှေ့သို့ထွက်လာကြပါသည်။ ဆုတောင်းတန်းစီနေသူများထဲမှာ အလွန့်အလွန်အကုန်နေမကောင်းဖြစ်သူများရှိပါတယ်ကိုယ် တော်။ အချို့မှာ သေလုမျောပါးဖြစ်နေကြပါတယ်။ အချို့မှာ ထိုင်နေဆဲဖြစ်ကြပါတယ်။ဥပမာ ဖလော်ရီဒါမှလာသော မိန်း ကလေးဖြစ်ပါသည်။ အချို့ကဂျော်ဂျီယာမှလာသည်။ အချို့က နေရာအမျိုးမျိုးမှလာကြသည်။အင်ဒီးယားပိုလန်အချို့၊ အိုဟိုင်းရိုးမှအချို့ ဒီမနက်ကစုဝေးကြသည်။ ဟော်တယ်တွေမှာစောင့်နေကြသည်။ဆုတောင်းမည့်အချိန်ကိုစောင့်နေကြ ပါသည်။ သူတို့စည်းဝေးပွဲများထဲရောက်ခဲ့ကြသည်။ ကိုယ်တော်၏လက်တော်ရှေ့လျား၍အမှုပြုသည်ကိုကြည့်ကြပါသည်။ ယခုနေရာမှာ ကိုယ်တော်စန်တာကလော့ပုံပြင်ကိုဖယ်ထုတ်လိုက်ပါ။ တကယ်ခရစ်စမတ်လက်ဆောင်ကို သူတို့အတွက် ဆောင်ယူပေးပါ။ ကျန်းမာခြင်းကို ယခုပင်ပေးပါ။ သူတို့ကအနာရောဂါငြိမ်းစေရန် ကွာခြားသောကြောင့်မစတော်မူပါ။

ကျွန်တော်တို့လာ၍ သူတို့နှင့်ကောင်းကင်ဘုရင်ကြားမှာရပ်နေပြီး သူတို့အတွက် ဆုတောင်းပေးပါမည်။သူတို့ကိုယ်စား အသံကိုလွှင့်၍ ဆုတောင်းပေးပါသည်။ သူတို့တစ်ဦးတစ်ယောက်မှ ယုံကြည်ခြင်းအရာမှာမကျရှုံးပါစေနှင့်။

နှုတ်ကပတ်တော်ဆိုထားပါသည်။ ကျွန်တော်တို့ယုံကြည်ကြောင်း ကျွန်တော်တို့သိပါသည်။သူတို့ဆုတောင်းသည့်အရာ ကိုယုံကြည်၍ လက်ခံရရှိနိုင်ပါစေ။ ခရစ်တော်၏သံတမန်များအဖြစ် ကျွန်တော်တို့ရှေ့ထွက်ပြီးဤအသင်းတော်တခုလုံးနှင့် ခရစ်တော်၏သံတမန်များကဲ့သို့ ကျွန်တော်တို့က တလုံးတဝတည်းနာရောဂါငြိမ်းစေဖို့ဆုတောင်းကြပါသည်။ ပြည့်စုံပါစေ။ သူတို့ထွက်ခွာသွားသောအခါ ကြီးမားစွာဝမ်းမြောက်လျက်သူတို့ကိုသွားစေပါ။ အကြောင်းမှာ နေ့ရက်ကြီး ကျွန်တော်တို့ အပေါ်ရောက်လာပါပြီ။ ကောင်းကင်၏အလင်းများကျွန်ုပ်တို့လမ်းကိုဖြစ်စေ၍ သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုး နှင့်ဘုန်းတော်ကိုကျွန်တော်တို့အားမြင်စေပါ။ အာမင်။

73 ၇၃။ သခင်ယေရှု၏နာမ၌ သူမကိုဘိသိက်ပေးပြီးလက်တင်ဆုတောင်းပေးသောအခါ ကြီးမြတ်သော ဘုရားရှင်၏လက် တော်ဖြင့် သူမ၏အနာရောဂါကိုပျောက်ကင်းစေပါ။ယေရှုနာမ၌။ အာမင်။

ဘုရားကောင်းချီးပေးပါစေ။ သွား၍လက်ခံပါ။ ယေရှုခရစ်တော်၏နာမ၌

ယေရှုနာမ၌ဘိသိက်ခံလျက် ကိုယ်တော်စိတ်နှလုံးတော်နှင့်ထိတွေ့ပြီးမစတော်မူပါ။ ယေရှုနာမ၌ဆုတောင်းပါတယ်။

ဆီလူး၍ဘိသိက်ခံပြီး ညီအစ်ကိုအပေါ်သို့လက်တင်လျက် နာမတော်၌ ...

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'… နေ့ရက်များ၏ ကြွေးကြော်သံ … ' (ဗျာဒိတ် ၁၀:၇)